# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် ၊နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၇)၊ အမှတ်(၂၂၇)၊ ၁၃၈၆ ခုနှစ်၊ ဝါဆိုလဆန်း ၁၄ ရက်၊ ၁၉-၇-၂၀၂၄၊ သောကြာနေ့ ။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသော ပန်းနံ့သာတို့ထက် သီလတည်းဟူသော အနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

(ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



၂၀၂၄ ခုနှစ်၊ ဇူလိုင် ၁၉ ရက်၊ သောကြာနေ့။

# အာဇာနည်နေ့

၂၀၂၄ ခုနှစ် ဇူလိုင်လ ၁၉ ရက်သည် (၇၇)နှစ်မြောက် အာဇာနည်နေ့ဖြစ်သည်။ "နှစ်လကြာရှည်၊ ခါရာသီရွှေ့ပေမယ့် အာဇာနည်နေ့ကိုတော့ မမေ့သင့်ပါသည်"ဟူ၍ လည်းကောင်း၊ "၁၉ ဇူလိုင်၊ မမေ့နိုင်"ဟူ၍ လည်းကောင်း ရေးဖွဲ့ခဲ့ကြသည့်အတိုင်း ဇူလိုင် ၁၉ ရက်နေ့သည် မြန်မာပြည်သူများအတွက် မမေ့နိုင်သောနေ့တစ်နေ့ ဖြစ်သည်။

အာဇာနည်ဟူသော ဝေါဟာရသည် "အာဇာနေယျ" ဟူ၍ ပါဠိစကားမှ ဆင်းသက်လာခြင်းဖြစ်ပြီး သာမာန်ထက် လက်ရုံးရည်၊ နှလုံးရည် ထူးကဲသာလွန်၍ အများအကျိုးအတွက် သက်စွန့်ကြိုးပမ်းဆောင်ရွက်သူဟု အနက်ရသည်။ မြန်မာ့လွတ်လပ်ရေးသမိုင်းကြောင်းတွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများသည် ဇူလိုင်လ ၁၉ ရက်တွင် တိုင်းပြည်နှင့် လူမျိုးအတွက် အသက်ကို စွန့်သွားကြရသည်။ အထိမ်းအမှတ်ပြုသည့် အဆိုပါနေ့ကို အာဇာနည်နေ့အဖြစ် သတ်မှတ်ခဲ့သည်။

"ဗမာပြည်လွတ်လပ်ရေးအတွက် တပ်မတော်ဖွဲ့ဖို့ ဂျပန်ပြည်မှာကွယ်၊ တကယ်ဘဲ အသက်နဲ့လဲလို့ ဆင်းရဲဒုက္ခခံကာ ကြံစည်တယ်၊ သူရဲကောင်းတဲ့၊ ဗိုလ်အောင်ဆန်းနဲ့ အာဇာနည်တွေရယ်"ဟူသော တေးသွားအတိုင်း ဗိုလ်ချုပ်နှင့် ခေါင်းဆောင်ကြီးများသည် တိုင်းတစ်ပါးတို့၏ လက်အောက်တွင် နှစ်ပေါင်း ၁၀၀ ကျော် နေနေရသည့် သူ့ကျွန်ဘဝမှ တစ်မျိုးသားလုံးလွတ်မြောက်စေရန် ဆင်းရဲဒုက္ခ အမျိုးမျိုးခံ၊ မိမိအသက်အိုးအိမ်စည်းစိမ်တို့ကို စွန့်လွှတ်ပြီး ကိုယ်ကျိုးမဖက်ဆောင်ရွက်ခဲ့ကြသည်။ ထိုကဲ့သို့ ဆောင်ရွက်ခဲ့မှုကြောင့် ပြည်ထောင်စုဖွား တိုင်းရင်းသားများအပါအဝင် တစ်မျိုးသားလုံး၏ ညီညွတ်ခိုင်မာသောစည်းလုံးမှုကို ရရှိခဲ့သဖြင့် အရင်းရှင်နယ်ချဲ့တို့ကို အပြီးအပိုင်အောင်မြင်စွာ တော်လှန်နိုင်ခဲ့ခြင်းဖြစ်သည်။

လွတ်လပ်ရေးရအံ့မူးမူး၊ ပြည်သူတစ်ရပ်လုံး သွေးစည်းညီညွတ်နေဆဲ ၁၉၄၇ ခုနှစ်၊ ဇူလိုင်လ ၁၉ ရက်၊ စနေနေ့ နံနက် ၁၀ နာရီ ၃၇ မိနစ်တွင် ဗိုလ်ချုပ်နှင့်အတူ လွတ်လပ်ရေးအတွက် အရေးပါသော ခေါင်းဆောင်များဖြစ်သည့် သခင်မြ၊ ဦးဘချို၊ ဦးရာဇတ်၊ မန်းဘခိုင်၊ မိုင်းပွန်စော်ဘွားကြီး စဝ်စံထွန်း၊ ဦးဘဝင်း၊ ဦးအုန်းမောင်၊ ရဲဘော်ကိုထွေးတို့လည်း ကျဆုံးခဲ့ရသည်။ ပြည်သူတစ်ရပ်လုံးအတွက် ကျေးဇူးအထူးကြီးမားသော အထင်ကရ နိုင်ငံရေးခေါင်းဆောင်ကြီးများဖြစ်ကြ၍ နိုင်ငံနှင့် ပြည်သူတစ်ရပ်လုံးအတွက် လေးစားဖွယ် အာဇာနည်များဖြစ်ကြသည်။ ဂုဏ်ပြုအပ်သော အာဇာနည်အပေါင်းအတွက် နိုင်ငံတော်အဆင့် အာဇာနည်နေ့ အခမ်းအနားများကို နှစ်စဉ်မပျက်မကွက် ကျင်းပခဲ့ကြသည်။

အာဇာနည်ဆိုသည်မှာ လူသေသော်လည်း နာမည်မသေသောသူများဖြစ်သည်။ သူတို့၏ စေတနာ၊ သူတို့၏ မေတ္တာ၊ သူတို့၏ ကရုဏာ၊ သူတို့၏ စွမ်းဆောင်မှုများကြောင့် မြန်မာပြည်လွတ်လပ်ရေးရရှိခဲ့သည်။ အာဇာနည်များ အသက်သွေးနှင့် ရယူပေးခဲ့သော လွတ်လပ်ရေးအခွန့်ရှည်အောင် ထိန်းသိမ်းရမည်မှာ နိုင်ငံသားတိုင်း၏ သမိုင်းပေးတာဝန်ဖြစ်သည်။

သို့ဖြစ်ရာ အာဇာနည်နေ့ကို လွမ်းဆွတ်နေရုံမျှဖြင့် မပြီးသေး။ ခေါင်းဆောင်ကြီးများက အသက်၊ သွေး၊ ချွေးတို့ဖြင့် ရင်းနှီးတည်ဆောက်ထားခဲ့သော မြန်မာနိုင်ငံတော်ကြီး အခွန့်ရှည်ရေးအတွက် စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် ဆက်လက်ကြိုးပမ်းကြမှသာလျှင် ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများအား ဂုဏ်ပြုရာ သစ္စာစောင့်သိရာရောက်မည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

## ချမ်းမြသာစည်မြို့နယ်တွင် Biometric ကောက်ယူခြင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ပွဲအခမ်းအနား ကျင်းပ



**မန္တလေး ဇူလိုင် ၁၈**

မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၃)ရပ်ကွက်ရှိ အမှတ်(၃၀) အခြေခံပညာအထက်တန်းကျောင်း အောင်ဆန်းခန်းမတွင် ယနေ့ နံနက် ၁၀ နာရီက Biometric ကောက်ယူခြင်းလုပ်ငန်းနှင့်အတူ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ပွဲအခမ်းအနားကို ကျင်းပပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်မျိုးနိုင်က အဖွင့်အမှာစကားပြောကြားပြီးနောက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးရဲမင်းထွန်းက နိုင်ငံသားစိစစ်ရေးကတ်ပြားမရှိသူ ပြည်သူများ၊ အသက်(၁၀)နှစ်ပြည့်ပြီးသူနှင့် အသက်(၁၈)နှစ်အထက် နိုင်ငံသားစိစစ်ရေးကတ်ပြားမရှိသူများအား ကွင်းဆင်းဆောင်ရွက်ပေးခြင်း၊ (Biometric )ဇီဝဆိုင်ရာ အချက်အလက်များ ကောက်ယူပေးခြင်းနှင့် လူဦးရေစာရင်းများ ကောက်ယူပေးခြင်းတို့ကို မြေပြင်အရောက် ကွင်းဆင်းဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် နိုင်ငံသားစိစစ်ရေးကတ်ပြားရရှိကြသည့် ကျောင်းသား၊ ကျောင်းသူများအား တာဝန်ရှိသူများက နိုင်ငံသားစိစစ်ရေးကတ်ပြားများအား လက်ဝယ်အရောက်ပေးအပ်ခဲ့ပြီးနောက် Biometric ကောက်ယူခြင်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ခဲ့ကြသည်။

အခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်မျိုးနိုင်နှင့် အဖွဲ့ဝင်များ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးရဲမင်းထွန်းနှင့် ဝန်ထမ်းများ၊ အမှတ်(၃၀)အ·ထ·က ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်ခိုင်နှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **(ချမ်းမြေ့)**



## ညောင်ဦးမြို့နယ် စိမ်းလန်းစိုပြည်သာယာလှပစေရေး ၂၀၂၄ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**ညောင်ဦး ဇူလိုင် ၁၈**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ် သစ်တောဦးစီးဌာနမှ ဒေသတွင်းစိမ်းလန်းစိုပြည်သာယာလှပစေရေးအတွက် ၂၀၂၄ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတော်ကို ယနေ့ နံနက် ၇ နာရီခွဲက ညောင်ဦး-ကျောက်ပန်းတောင်းသွား ကားလမ်းဘေး ညောင်ဦးခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံးဝင်းအတွင်း စိုက်ပျိုးခဲ့ကြသည်။

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲတွင် ညောင်ဦးခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစောထွန်းဝင်းနှင့် ခရိုင်စီမံအဖွဲ့ဝင်များ၊ ညောင်ဦးမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနန်းတင့်နှင့် မြို့နယ်စီမံအဖွဲ့ဝင်များ၊ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားတက်ရောက်လာကြသူများအား စိုက်ပျိုးမည့်သစ်ပင်များပေးအပ်သည်။ **(အပေါ်ပုံ)**

ယင်းနောက် ညောင်ဦးခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နန့်သီတာချိုစင်နှင့် အဖွဲ့ဝင်များ၊ ညောင်ဦးမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ညောင်ဦးခရိုင်/မြို့နယ် ဌာနဆိုင်ရာဝန်ထမ်းများ၊ သစ်တောဦးစီးဌာနဦးစီးအရာရှိ ဦးသန့်ဇင်-၆ နှင့် ဝန်ထမ်းများ၊ ညောင်ဦးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများက မန်ကျည်း၊ သပြေဘူတ၊ တမာ၊ ခရေ၊ ပိတောက်၊ ပန်းချယ်ရီနှင့် ယူကလစ်ပင် စသည့် စိုက်ပျိုးပင်ပေါင်း (၁၆၂)ပင်အား၊ လူဦးရေ (၁၁၇)ဦး ဖြင့် စိုက်ပျိုးခဲ့ကြပြီး အမှတ်တရ မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ခဲ့ကြသည်။

ညောင်ဦးမြို့နယ်၌ ၂၀၂၄ ခုနှစ်၊ မိုးရာသီကာလအတွင်း လမ်းဘေး ဝဲယာ တစ်အုပ်တစ်မ စိုက်ပျိုးပင်ပေါင်း (၅၈၅၀)ပင်၊ တစ်ရွာ နှစ်ဧက စိုက်ပျိုးပင် (၆၀၀)ပင်နှင့် လူထုဖြန့်ပျိုးပင် ဖြန့်ဝေပေးခြင်း(၃၉၀၀၀)ပင် ဖြန့်ဝေပေးနိုင်ခဲ့ကြောင်း သိရသည်။

(၄၈၁)

## မိတ္ထီလာခရိုင်တွင် စက်ရေတွင်းတူးဖော်ခြင်းနှင့် ထိန်းသိမ်းနည်းသင်တန်းဆင်းပွဲအခမ်းအနား ကျင်းပ

**မိတ္ထီလာ ဇူလိုင် ၁၈**


မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတွင် စက်ရေတွင်းတူးဖော်ခြင်းနှင့် ထိန်းသိမ်းနည်းသင်တန်းဆင်းပွဲအခမ်းအနားကို ယမန်နေ့ နံနက်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် မိတ္ထီလာခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မြင့်ဝင်းနှင့် ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ရှိန်(ငြိမ်း)တို့က သင်တန်းဆင်းအမှာစကားပြောကြားခဲ့သည်။

ထို့နောက် ဒုတိယညွှန်ကြားရေးမှူး ဒေါ်မြင့်ဝင်းနှင့် ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ရှိန်(ငြိမ်း)တို့က သင်တန်းသား၊ သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့ရာ သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

အဆိုပါသင်တန်းကို မိတ္ထီလာခရိုင်နှင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနများတွင် တာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ထမ်းများ၊ အင်ဂျင်နီယာများ သိသင့်သိထိုက်သော လုပ်ငန်းပိုင်းဆိုင်ရာနှင့် ရုံးလုပ်ထုံးလုပ်နည်းများကို ကျွမ်းကျင်တတ်မြောက်၍ ဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများ တည်ဆောက်ရာတွင် တိကျမြန်ဆန်စွာဆောင်ရွက်နိုင်စေရန်နှင့် ဝန်ထမ်းများကို စွမ်းဆောင်ရည်မြှင့်တင်ရန် ရည်ရွယ်၍ ဇူလိုင် ၈ ရက်မှ ၁၇ ရက်အထိ ဖွင့်လှစ်ပို့ချခဲ့ကြောင်း သိရသည်။

(၄၆၉)



သတင်းများ Online မှတစ်ဆင့် ပေးပို့နိုင်

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်း များအား mdydailynewspaper @gmail.com မှ တစ်ဆင့် အချိန်မီ ပေးပို့နိုင်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊ ၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊

# ပြည်ထောင်စုဝန်ကြီး ဦးလှမိုး လယ်ဝေးမြို့နယ် ရွှေဝါထွန်း(၂) သမဝါယမအသင်းနှင့် ကုမ္ပဏီတို့ အကျိုးတူပူးပေါင်း စိုက်ပျိုးထုတ်လုပ်နေမှုများ ကွင်းဆင်းစစ်ဆေး

နေပြည်တော် ဇူလိုင် ၁၈

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် ဒုတိယဝန်ကြီး ဦးမြင့်စိုး၊ အမြဲတမ်းအတွင်းဝန်၊ တာဝန်ရှိသူများနှင့် အတူ ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီ နယ်မြေ လယ်ဝေးမြို့နယ် ရုံးတောကျေးရွာသို့ သွားရောက်ပြီး ရွှေဝါထွန်း(၂) စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းနှင့် ရိမ်းဘိုးသမဝါယမအသင်းတို့မှ အသင်းသားတောင်သူများ၊ မြန်မာ Uni Seimer ကုမ္ပဏီမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ နှင့်တွေ့ဆုံရာ မြန်မာ Uni Seimer ကုမ္ပဏီမှ တာဝန် ရှိသူတစ်ဦးက ရွှေဝါထွန်း (၂) သမဝါယမအသင်းနှင့် မြန်မာ Uni Seimer ကုမ္ပဏီတို့ အကျိုးတူပူးပေါင်း စိုက်ပျိုးဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြ သည်။



တင်ပြမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက သီးနှံစိုက်ပျိုးရာတွင် လိုက်နာရမည့် မျိုး၊ မြေ၊ ရေ၊ နည်း ဆိုသည့် စိုက်နည်းစနစ်လေးမျိုးကို မှန်ကန်စွာ အသုံးပြုဆောင်ရွက်ကြရန်နှင့် သက်ဆိုင်ရာတာဝန် ရှိသူများအနေဖြင့်လည်း ဈေးနှုန်းသက်သာပြီး အရည်အသွေးမှန်ကန်သောမျိုးနှင့် သွင်းအားစု ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေးများကို တောင်သူများ လက်ဝယ်စိုက်ပျိုးချိန်အမီရရှိရေး ပေါင်းစပ်ဆောင် ရွက်ပေးရန် လိုအပ်ကြောင်း၊ သမဝါယမအသင်းသား များအနေဖြင့် မိမိတို့၏စိုက်ပျိုးမြေအရည်အသွေး၊ အမျိုးအစား၊ မြေပြင်အခြေအနေတို့ကို သိရှိအောင် ဦးစွာဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အမယ်စုံ စိုက်ပျိုးနေမည့်အစား မြေနှင့်ကိုက်ညီသော၊ အထွက် နှုန်းမြင့်မားသော၊ စီးပွားဖြစ်မည့် အဓိကသီးနှံများကို သာရွေးချယ်စိုက်ပျိုးစေလိုကြောင်း၊ ဆောင်းသီးနှံ စိုက်ပျိုးနိုင်ရေးအတွက်လည်း ကြိုတင်အစီအမံများ ရေးဆွဲစီစဉ်ထားစေလိုကြောင်း တိုက်တွန်းမှာကြား သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရွှေဝါထွန်း (၂) စိုက်ပျိုးထုတ်လုပ်ရေးသမဝါယမ အသင်းနှင့် ရိမ်းဘိုးသမဝါယမအသင်းတို့ အကျိုးတူ ပူးပေါင်းစိုက်ပျိုးခဲ့သော နွေစပါးဧက ၂၀ ရိတ်သိမ်း ခြွေလှေ့မည့်အခြေအနေ၊ ဝါများ စိုက်ပျိုးထားမှုနှင့် အခြားသီးနှံများစိုက်ပျိုးနိုင်ရေး မြေယာပြုပြင်နေမှု တို့ကို ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စု ဝန်ကြီးက သီးနှံများ အလေအလွင့်မရှိစေရေးအတွက် ရိတ်သိမ်းခြွေလှေ့စက်များဖြင့် ရိတ်သိမ်းရေး၊ အမိုး အကာအောက်သို့ အချိန်မီရောက်ရှိရေး မှာကြားကာ လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက် ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# အိန္ဒိယသမ္မတနိုင်ငံက ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့လှူဒါန်းသည့် ကင်ဆာဓာတ်ရောင်ခြည်ကုသစက် (Bhabhatron-II and Imagin) လွှဲပြောင်းလက်ခံခြင်းအခမ်းအနား ကျင်းပ

ရန်ကုန် ဇူလိုင် ၁၈

အိန္ဒိယသမ္မတနိုင်ငံက ရန်ကုန်ပြည်သူ့ဆေးရုံ ကြီးသို့လှူဒါန်းသည့် ကင်ဆာဓာတ်ရောင်ခြည်ကုသ စက် (Bhabhatron-II and Imagin) လွှဲပြောင်း လက်ခံခြင်းအခမ်းအနားကို ရန်ကုန်ပြည်သူ့ဆေးရုံ ကြီး ခုနစ်ထပ်ဆေးကုသဆောင်သစ် အစည်းအဝေး ခန်းမ၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် အိန္ဒိယသမ္မတနိုင်ငံသံအမတ်ကြီး Mr. Shri Abhay Thakur နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်ခိုင်ဝင်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး Mr. Shri Abhay Thakur၊ ရန်ကုန်မြို့တော်ဝန်၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီး အကဲများ၊ ဆေးရုံအုပ်ကြီးများ၊ အထူးဖိတ်ကြားထား သောဧည့်သည်တော်များ၊ နိုင်ငံခြားရေးဝန်ကြီးဌာန နှင့် အိန္ဒိယနိုင်ငံသံရုံးမှ ကိုယ်စားလှယ်များ၊ တာဝန်ရှိ သူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး၊ ရန်ကုန်တိုင်း ဒေသကြီးဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီး၊ အိန္ဒိယနိုင်ငံ သံအမတ်ကြီး၊ ရန်ကုန်မြို့တော်ဝန်နှင့် ရန်ကုန် ပြည်သူ့ဆေးရုံကြီး ဆေးရုံအုပ်ကြီးတို့သည် Bhabhatron-II and Imagin စက်များထားရှိသည့် စက်ခန်းရှေ့ရှိ ကမ္ပည်းမော်ကွန်းကြေးပြားကို အမွှေး နံ့သာရည်ဖြင့်ပက်ဖျန်းပေးကြပြီး Bhabhatron-II and Imagin စက်များအသုံးပြုမှုကို လှည့်လည် ကြည့်ရှုကြသည်။

ထို့နောက် လွှဲပြောင်းလက်ခံခြင်းအခမ်းအနား ကို ရန်ကုန်ဆေးရုံကြီး ခုနစ်ထပ် ကုသဆောင်သစ် အစည်းအဝေးခန်းမ၌ ဆက်လက်ကျင်းပရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး Mr. Shri Abhay Thakur က Bhabhatron-II and Imagin စက်များလှူဒါန်း ရသည့် အကြောင်းရင်းနှင့်စပ်လျဉ်း၍ ယခုလှူဒါန်း မှုဖြင့် မြန်မာနိုင်ငံရှိ ဓာတ်ရောင်ခြည်ကုထုံး လိုအပ် လျက်ရှိသည့် ကင်ဆာရောဂါဝေဒနာရှင်များကို အချိန်နှင့်တစ်ပြေးညီ ကုသမှုပိုမိုလုပ်ဆောင်နိုင်ရေး ရည်ရွယ်ကြောင်း၊ အိန္ဒိယနိုင်ငံအနေဖြင့် မိတ်ဆွေ အိမ်နီးချင်းနိုင်ငံများအတွက် လူသားချင်းစာနာ ထောက်ထားမှုအကူအညီများ တိုးမြှင့်ပေးအပ်လျက် ရှိရာ မြန်မာနိုင်ငံတွင် ရန်ကုန်၊ မန္တလေး၊ စစ်တွေနှင့် နေပြည်တော်ရှိ ဆေးရုံများသို့ ဆေးဘက်ဆိုင်ရာ ကိရိယာများထောက်ပံ့ပေးခဲ့ပြီး ကျန်းမာရေးလူ့စွမ်း အား အရင်းအမြစ်ဖွံ့ဖြိုးရေးအတွက်လည်း အထောက် အပံ့များပေးအပ်လျက်ရှိကြောင်း၊ အိန္ဒိယနိုင်ငံ အနေဖြင့် မြန်မာနိုင်ငံနှင့် ကျန်းမာရေးကဏ္ဍတွင် ဆက်လက်၍ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ် ကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ကမ္ဘာ တစ်ဝန်းတွင် ကင်ဆာရောဂါသည် သေဆုံးမှုနှုန်း အမြင့်ဆုံးရောဂါတစ်ခုဖြစ်ပြီး ယခုလှူဒါန်းသည့် Bhabhatron-II ကင်ဆာဓာတ်ရောင်ခြည်ကုထုံးစက် သည် တစ်ရက်လျှင် ကင်ဆာလူနာ ၇၀ ခန့် ဓာတ်ရောင်ခြည်ကုထုံးဖြင့် ကုသနိုင်သည့်အတွက် မြန်မာနိုင်ငံရှိ ကင်ဆာရောဂါဝေဒနာရှင်များကို အချိန်နှင့်တစ်ပြေးညီ ကုသရာတွင် များစွာအထောက် အကူပြုမည် ဖြစ်ကြောင်း၊ ထို့ပြင် Imagin စက်သည် အဆင့်မြင့်ပုံရိပ်နည်းပညာသုံးစက်ဖြစ်သည့်အတွက် ဘေးထွက်ဆိုးကျိုးအနည်းဆုံးဖြင့် တိကျသည့် ကင်ဆာရောဂါဓာတ်ရောင်ခြည်ကုသမှုကို ဆောင် ရွက်နိုင်မည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံနှင့် အိန္ဒိယ နှစ်နိုင်ငံသည် အပြန်အလှန်အလေးထားမှုဖြင့် အားကောင်းသည့် သံတမန်ဆက်ဆံရေးတည်ရှိ ပြီးဖြစ်ကာ ကျန်းမာရေးကဏ္ဍတွင် ပူးပေါင်း သုတေသနများ၊ တိုင်းရင်းဆေးပညာ၊ ဆေးဝါးနှင့် ဆေးပစ္စည်းများတင်ပို့မှုနှင့် ကျန်းမာရေးလူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးမှုဆိုင်ရာ စွမ်းဆောင်ရည်မြှင့် တင်ခြင်းနယ်ပယ်များတွင် ကာလရှည်ကြာပူးပေါင်း ဆောင်ရွက်မှုများရှိကြောင်း၊ ယခုလှူဒါန်းမှုဖြင့် နှစ်နိုင်ငံအကြား ကျန်းမာရေးပူးပေါင်းဆောင်ရွက် မှုပိုမိုမြှင့်တင်နိုင်မည်ဖြစ်ပြီး မြန်မာနိုင်ငံရှိ ကင်ဆာရောဂါလူနာကုသမှုများအတွက် ပိုမိုအကျိုး ရှိမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အိန္ဒိယနိုင်ငံသံအမတ်ကြီးက လှူ ဒါန်းသည့်စက်ပစ္စည်းပုံစံငယ်ကို လွှဲပြောင်းပေး အပ်ရာ ပြည်ထောင်စုဝန်ကြီးက လက်ခံရယူပြီး ကျေးဇူးတင်ဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီးနှင့် သံအမတ်ကြီးတို့သည် နှစ်နိုင်ငံ ကျန်းမာရေးကဏ္ဍ ဆက်လက်ပူးပေါင်းဆောင်ရွက်ရေးအတွက် ရင်းနှီး ပွင့်လင်းစွာဆွေးနွေးကြသည်။

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ကင်ဆာ ရောဂါကုသမှုလုပ်ငန်းများအတွက် အလေးထား ဆောင်ရွက်လျက်ရှိရာ ၂၀၂၃ ခုနှစ်တွင် မန္တလေး ပြည်သူ့ဆေးရုံကြီး၌ ကင်ဆာရောဂါဓာတ်ရောင်ခြည် ကုသစက်အသစ်တစ်လုံး တပ်ဆင်ခဲ့ပြီး ယခုအခါ ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် စက်အသစ်တစ်လုံး ထပ်မံတပ်ဆင်ခြင်းဖြစ်သည်။ ထို့ပြင် နေပြည်တော် တွင် PET-CT and Cyclotron စက်များကို လည်း ကောင်း၊ ရန်ကုန်တိုင်းဒေသကြီး ဒဂုံဆိပ်ကမ်းမြို့နယ် ရှိ အမျိုးသားကင်ဆာရောဂါကုသရေး စင်တာတွင် ကင်ဆာရောဂါဓာတ်ရောင်ခြည် ကုသစက်အသစ် သုံးလုံးကိုလည်းကောင်း မကြာမီတွင်တပ်ဆင်၍ ဖွင့်လှစ်သွားရန် စီစဉ်ဆောင်ရွက်လျက်ရှိသဖြင့် မြန်မာနိုင်ငံရှိ ကင်ဆာရောဂါဝေဒနာရှင်များအတွက် ဆေးကုသမှုလုပ်ငန်းများကို ပိုမိုတိုးမြှင့်ထိရောက်စွာ ဆောင်ရွက်နိုင်မည်ဖြစ်သည်။

ကျန်းမာရေးဝန်ကြီးဌာနသည် နှစ်စဉ်နိုင်ငံတော် ဘတ်ဂျက်မှ ငွေကျပ် ၁၀ ဘီလီယံကျော်အသုံးပြု၍ ကင်ဆာရောဂါကုသသည့်ဆေးဝါးများကို တိုးမြှင့် ဝယ်ယူပေးလျက်ရှိသည့်အပြင် ယခုကဲ့သို့ ကင်ဆာ ရောဂါကုသသည့် ခေတ်မီစက်ကိရိယာများကို တိုးချဲ့တပ်ဆင်ခြင်းအားဖြင့် နေ့စဉ်ကင်ဆာရောဂါ လူနာများကို ပိုမိုကုသမှုပေးနိုင်မည်ဖြစ်ပြီး ကင်ဆာ ရောဂါဝေဒနာရှင်များအတွက် များစွာအကျိုးကျေးဇူး ရရှိမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ

■ စာမျက်နှာ ၂၄ မှ

မြန်မာအစိုးရက ကုလသမဂ္ဂနှင့် နိုင်ငံတကာအဖွဲ့အစည်းများက မေတ္တာရပ်ခံသည့် ပြည်တွင်းခရီးသွားလာခွင့်နှင့် လူသားချင်းစာနာ ထောက်ထားမှုအကူအညီများ ဖြန့်ဝေခွင့်တို့ကို လုံခြုံရေးအခြေအနေအပေါ် မူတည်၍ အတတ်နိုင်ဆုံးခွင့်ပြုဆောင်ရွက်ပေးလျက်ရှိသည်။ မြန်မာအစိုးရအနေဖြင့် အများပြည်သူ၏ အသက်အိုးအိမ်ကို ကာကွယ်စောင့်ရှောက်ရန် လိုအပ်သည့် လုံခြုံရေးဆိုင်ရာ တုံ့ပြန်ဆောင်ရွက်မှုများကို အတတ်နိုင်ဆုံးထိန်းသိမ်းဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံ၌ အကြမ်းဖက်အဖွဲ့အစည်းများ၏ လူမဆန်သောတိုက်ခိုက်မှုများကြောင့် ယခုအချိန်အထိ အပြစ်မဲ့ပြည်သူပေါင်း ၇၈၈၀ ကျော် အသက်ဆုံးရှုံးခဲ့ရပြီးဖြစ်သည်။ အဆိုပါ ပူးတွဲသတင်းထုတ်ပြန်ချက်သည် ယင်းအကြမ်းဖက်မှုလုပ်ရပ်များကို မျက်ကွယ်ပြုထားသည်ကို တွေ့ရသည်။

ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်အဆို ၂၆၆၉ တွင် မြန်မာနိုင်ငံအပေါ် နိုင်ငံရေးသွတ်သွင်းမှုများစွာ ပါဝင်ပါသည်။ မြန်မာနိုင်ငံအနေဖြင့် နိုင်ငံရေးရာကိစ္စရပ်များကို ဆောင်ရွက်ရာတွင် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ တည်ဆဲဥပဒေများ၊ မြန်မာနိုင်ငံ၏ အခြေခံမူဝါဒရပ်တည်ချက်များနှင့်အညီသာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထပ်လောင်းဖော်ပြအပ်သည်။

နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် မြေပြင်အခြေအနေမှန်နှင့် ဖြစ်ရပ်မှန်အချက်အလက်များကို ထင်ဟပ်ဖော်ပြခြင်းမရှိသည့် တစ်ဖက်သတ်စွပ်စွဲချက်များနှင့် သတင်းမှားများကို အခြေခံပြီး နိုင်ငံရေးသဘောသက်ရောက်စေသည့် ဥရောပသမဂ္ဂနှင့် နိုင်ငံအချို့၏ ပူးတွဲသတင်းထုတ်ပြန်ချက်အပေါ် ပြင်းထန်စွာကန့်ကွက်သည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**

**နေပြည်တော်**

**၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၁၈ ရက်**

# ဆောက်လုပ်ရေးဝန်ကြီးဌာန ၂၀၂၄ ခုနှစ် ပညာရည်ထူးချွန်ဆုချီးမြှင့်ခြင်းနှင့် ပညာသင်ထောက်ပံ့ကြေး ပေးအပ်ပွဲကျင်းပ

နေပြည်တော် ဇူလိုင် ၁၈

ဆောက်လုပ်ရေးဝန်ကြီးဌာန ၂၀၂၄ ခုနှစ် ပညာရည်ထူးချွန်ဆုချီးမြှင့်ခြင်းနှင့် ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန၌ ကျင်းပသည်။

## တက်ရောက်

အခမ်းအနားသို့ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်၊ ဒုတိယဝန်ကြီး ဦးဝင်းဖေ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်း အတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အရာထမ်း၊ အမှုထမ်းများ၊ ထူးချွန်ဝန်ထမ်းများ၊ ကျောင်းသားမိဘများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတိုင်းတွင် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၊ လူမှုဘဝမြင့်မားရေးအတွက် ပညာရေးတွင် များစွာရင်းနှီးမြှုပ်နှံပြီး ပညာရေးကဏ္ဍမြင့်မားရေးအတွက် အားပေးမြှင့်တင်လျက်ရှိကြောင်း၊ ပညာတတ်များ ပေါ်များရေး၊ လူသားအရင်းအမြစ်များ ကြွယ်ဝရေး မြော်တွေးပြီး အရွယ်ရောက်သူတိုင်း ကျောင်းနေစေရေး၊ ကျောင်းနေသူတိုင်း ပညာတတ်များဖြစ်လာစေရေးကို အလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ အနာဂတ်နိုင်ငံတော်တည်ဆောက်ရေးကဏ္ဍအသီးသီးတွင် တာဝန်ယူကြရမည့် မျိုးဆက်သစ် ကျောင်းသားကျောင်းသူများကို နိုင်ငံတော်က ဘက်စုံထောင့်စုံ ကဏ္ဍစုံမှ ဖြည့်ဆည်းဆောင်ရွက်ပေးသကဲ့သို့ ဝန်ကြီးဌာနအနေဖြင့်လည်း တစ်ဖက်တစ်လမ်းမှ ကူညီထောက်ပံ့ပေးခြင်းဖြစ်ကြောင်း၊ ကျောင်းသား ကျောင်းသူများအနေဖြင့် ပညာသင်ကြားမှု ပြီးဆုံးသည့်အခါ မိမိကိုယ်ပိုင် ရပ်တည်နိုင်သော စွမ်းရည်၊ မိမိကိုယ်တိုင်ထိန်းကျောင်းနိုင်သော စွမ်းအားများရရှိပြီး မိမိနှင့် မိမိ မိသားစု၊ မိမိပတ်ဝန်းကျင်၊ မိမိနိုင်ငံနှင့် ပြည်သူကို အကျိုးပြုမည့် သားကောင်းရတနာ၊ သမီးကောင်းရတနာများဖြစ်အောင် ကြိုးစားကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီးက ခြောက်ဘာသာဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သူများနှင့် ထူးချွန်ဆုရဝန်ထမ်းများအားလည်းကောင်း၊ ဒုတိယဝန်ကြီးက ငါးဘာသာဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သူများအားလည်းကောင်း၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များက လေးဘာသာ၊ သုံးဘာသာ၊ နှစ်ဘာသာနှင့် တစ်ဘာသာဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသော ပညာရည်ထူးချွန်သူများအားလည်းကောင်း ဂုဏ်ပြုဆုတံဆိပ်၊ အသိအမှတ်ပြုလက်မှတ်နှင့် ဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ၂၀၂၄ - ၂၀၂၅ ပညာသင်နှစ် မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်တက်ရောက်နေသူများအတွက် ပညာသင်ထောက်ပံ့ကြေးများကို တာဝန်ရှိသူများထံ ထောက်ပံ့ပေးအပ်ပြီး ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများကိုယ်စား ခြောက်ဘာသာဂုဏ်ထူးရှင်တစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် ၂၀၂၃ - ၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင် စာမေးပွဲအောင်မြင်သူ ကျောင်းသား ကျောင်းသူ ၈၁ ဦးအနက် ခြောက်ဘာသာဂုဏ်ထူးရှင် သုံးဦး၊ ငါးဘာသာဂုဏ်ထူးရှင် ခြောက်ဦး၊ လေးဘာသာဂုဏ်ထူးရှင် ရှစ်ဦး၊ သုံးဘာသာဂုဏ်ထူးရှင် လေးဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ငါးဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ၁၀ ဦး စုစုပေါင်းဂုဏ်ထူးရှင် ၃၆ ဦး တို့အား ဂုဏ်ပြုဆုတံဆိပ်၊ အသိအမှတ်ပြုလက်မှတ်နှင့် ဆုငွေများပေးအပ်ပြီး ၂၀၂၄ - ၂၀၂၅ ပညာသင်နှစ် အခြေခံပညာမူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်များတွင် ပညာသင်ကြားနေသည့် ကျောင်းသား ကျောင်းသူ ၁၁၁၆ ဦးအတွက် ပညာသင်ထောက်ပံ့ကြေးများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကျင်းပနိုင်ရေး သတင်းထုတ်ပြန်ရေးနှင့် မှတ်တမ်းတင်ရေးဆပ်ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် ဇူလိုင် ၁၈

ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကျင်းပနိုင်ရေးအတွက် သတင်းထုတ်ပြန်ရေးနှင့် မှတ်တမ်းတင်ရေးဆပ်ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

## တက်ရောက်

အစည်းအဝေးသို့ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးရဲတင့်၊ အမြဲတမ်းအတွင်းဝန် ဦးဝင်းကျော်အောင်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ သတင်းထုတ်ပြန်ရေးနှင့် မှတ်တမ်းတင်ရေးဆပ်ကော်မတီအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အောင်မြင်စွာကျင်းပနိုင်ရေးအတွက် သတင်းထုတ်ပြန်ရေးနှင့် မှတ်တမ်းတင်ရေးဆပ်ကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးရဲတင့်က ပြည်သူများ စိတ်ပါဝင်စားလာစေရေးအတွက် အမျိုးသားအားကစားပွဲတော်နှင့် ဂုဏ်ပြုအစီအစဉ်များကို မြန်မာ့အသံနှင့်



ရုပ်မြင်သံကြား၊ ရေဒီယို၊ သတင်းစာအပါအဝင် နိုင်ငံပိုင်မီဒီယာများမှ ပွဲတော်မတိုင်မီကာလတွင် ကျယ်ကျယ်ပြန့်ပြန့် ကြိုတင်ထုတ်လွှင့်နိုင်ရေး စီစဉ်ဆောင်ရွက်ရန်၊ ပွဲတော်ကာလအတွင်း ပြိုင်ပွဲယှဉ်ပြိုင်မှုများကို နိုင်ငံပိုင်မီဒီယာများနှင့် ပြင်ပမီဒီယာများ၊ အားကစားမီဒီယာများမှ အချိန်မီသတင်းထုတ်ပြန်နိုင်ရေးနှင့် မှတ်တမ်းတင်ရေးကိစ္စများ ညှိနှိုင်းဆောင်ရွက်ရန်၊ ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနား တိုက်ရိုက် (Live) ထုတ်လွှင့်ရန်၊ နေ့စဉ်သတင်းလွှာထုတ်ဝေရန်နှင့် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ကျင်းပမှုမှတ်တမ်းပြုစုဆောင်ရွက်ရန်၊ အားကစားသမားများ တည်းခိုနေထိုင်မည့်နေရာ၌ စာအုပ်စာစောင် စုံလင်စွာဖြင့် စာကြည့်တိုက်နှင့် စာအုပ်အရောင်းဆိုင် ဖွင့်လှစ်ဆောင်ရွက်ရန်နှင့် လုပ်ငန်းတာဝန်များ လစ်ဟင်းမှုမရှိစေရေး ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

## ရှင်းလင်းတင်ပြ

ထို့နောက် သတင်းထုတ်ပြန်ရေးနှင့် မှတ်တမ်းတင်ရေးဆပ်ကော်မတီ အတွင်းရေးမှူး ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်က ဆပ်ကော်မတီ၏ လုပ်ငန်းတာဝန်များ၊ လုပ်ငန်းအဖွဲ့ ဖွဲ့စည်းဆောင်ရွက်မှု၊ ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနား တိုက်ရိုက်(Live)ရိုက်ကူးထုတ်လွှင့်နိုင်ရေး၊ အားကစားပြိုင်ပွဲများ နေရာအလိုက် ရိုက်ကူးထုတ်လွှင့်နိုင်ရေး၊ သတင်းရယူထုတ်လွှင့်ဖော်ပြမည့် အစီအစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဆပ်ကော်မတီအဖွဲ့ဝင်များနှင့် တက်ရောက်လာသူများက အားကစားသမားများ တည်းခိုနေထိုင်ရာနေရာ၌ စာကြည့်တိုက်နှင့် စာအုပ်အရောင်းဆိုင်ဖွင့်လှစ်နိုင်ရေး၊ သတင်း၊ ဆောင်းပါး၊ အင်တာဗျူးများ ဖော်ပြနိုင်ရေး၊ ပွဲတော်ကျင်းပနေစဉ် သတင်းလွှာထုတ်ဝေနိုင်ရေး၊ ပြည်တွင်း၊ ပြည်ပသတင်းမီဒီယာများဖိတ်ကြားနိုင်ရေး၊ သတင်းထုတ်ပြန်ရေးနှင့် မှတ်တမ်းတင်ရေး စသဖြင့် သက်ဆိုင်ရာကဏ္ဍအလိုက် ပေါင်းစပ်ဆောင်ရွက်သွားမည့်အစီအစဉ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍ ဆပ်ကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားသည်။

**သတင်းစဉ်**

**ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ်ချွေတာသင့်ပါသည်**

# ပါဝင်လှူဒါန်းနိုင်ပါကြောင်း နှိုးဆော်ခြင်း

၁။ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများ၏ဩဝါဒနှင့်အညီ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနအနေဖြင့် ရန်ကုန်၊ မန္တလေးနှင့် စစ်ကိုင်းမြို့တို့ရှိ သာသနာ့တက္ကသိုလ်ကြီးများနှင့် နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်များရှိ ပရိယတ္တိစာသင်တိုက်ကြီးများမှ စာချစာသင်ရဟန်းတော်များ အသုံးပြုလျက်ရှိသည့် ပိဋကသုံးပုံပါဠိတော်အဖွင့် အဋ္ဌကထာကျမ်းစာအုပ် ၅၁ အုပ်တို့ကို ဆဋ္ဌမူအတိုင်း စာမျက်နှာ၊ စာသားနှင့် စာလုံးရေပြောင်းလဲမှုမရှိဘဲ စာလုံးအနေအထားသန့်ရှင်းသပ်ရပ်မှုရှိသည့်ကွန်ပျူတာစာမူစနစ်ဖြင့် ပြန်လည်ပုံနှိပ်ထုတ်ဝေနိုင်ရေး ဆောင်ရွက်လျက်ရှိရာ စက်တင်ပုံနှိပ်ပြီး ကျမ်းစာအုပ်နှစ်အုပ်၊ ပုံနှိပ်ဆဲခြောက်အုပ်၊ စာသားများစစ်ဆေးဆဲ ၁၇ အုပ်၊ စာမူပြုစုဆဲ ခြောက်အုပ်ရှိပြီး ဆက်လက်ဆောင်ရွက်ရန်ကျမ်းစာအုပ် ၂၀အုပ် ရှိပါသည်။

၂။ အဋ္ဌကထာကျမ်းစာအုပ် ၅၁ အုပ်တို့ကို ကျမ်းစာအုပ်တစ်အုပ်လျှင် ငွေကျပ် ၃၀၀၀၀ နှုန်းဖြင့် ကျမ်းစာအုပ်တစ်မျိုးလျှင် အုပ်ရေ ၁၀၀၀ စီ ပုံနှိပ်ထုတ်ဝေနိုင်ရေး ဆောင်ရွက်လျက်ရှိပါသည်။

၃။ သို့ဖြစ်ပါ၍ နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အလှူရှင်များအနေဖြင့် မိမိတတ်နိုင်သည့် စာအုပ်အရေအတွက်အတိုင်း ပညာပါရမီ ဖြည့်ဆည်းလှူဒါန်းနိုင်ပါသည်။

၄။ လှူဒါန်းလိုပါက ဦးသောင်းဝင်း(ညွှန်ကြားရေးမှူး) သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဖုန်း-၀၆၇ -၃၄၀၆၂၇၆၊ ၀၉-၄၂၀၇၀၁၄၆၃၊ ဦးကျော်လွင်(ညွှန်ကြားရေးမှူး) သာသနာရေးဦးစီးဌာန ဖုန်း-၀၆၇-၃၄၀၆၂၃၂၊ ၀၉- ၄၀၀၅၁၆၇၇၇၊ ဦးကျော်မိုး(ညွှန်ကြားရေးမှူး) နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်) ဖုန်း-၀၁-၈၆၆၁၂၇၅၊ ၀၉-၄၀၂ ၁၈၈၂၁၄၊ ဦးဝင်းသိန်းထွန်း(ညွှန်ကြားရေးမှူး) နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး) ဖုန်း- ၀၂ - ၄၀၆၁၁၁၂၊ ၀၉-၄၂၀ ၀၀၀၈၄၈၊ ဦးဇော်ဦး(ညွှန်ကြားရေးမှူး) ရန်ကုန်တိုင်းဒေသကြီး သာသနာရေးမှူးရုံး ဖုန်း-၀၁-၆၅၁၂၀၉၊ ၀၉ -၂၀၃၈၅၆၃၊ ဦးကျော်လှိုင် (ညွှန်ကြားရေးမှူး) မန္တလေးတိုင်းဒေသကြီး သာသနာရေးမှူးရုံး ဖုန်း-၀၂ -၄၀၃၆၁၁၊ ၀၉- ၂၆၃၉၉၉၀၀၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်တိုက်တွန်းအပ်ပါသည်။

**သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန**

# ယာယီသမ္မတဦးမြင့်ဆွေ ဆေးခွင့်ဖြင့် ကျန်းမာရေးစောင့်ရှောက်မှုခံယူ

**နေပြည်တော် ဇူလိုင် ၁၈**

ယာယီသမ္မတဦးမြင့်ဆွေသည် ၂၀၂၃ ခုနှစ် နှစ်ဆန်းပိုင်းမှစ၍ လှုပ်ရှားရာတွင် တုံ့နှေးခြင်းနှင့် အစားအသောက်နည်းခြင်းတို့ကိုစတင် ခံစားခဲ့ရသည့်အတွက် အထူးကုပါရဂူကြီးများပါဝင်သော ဆေးကုသမှုအဖွဲ့ဖြင့် ပုံမှန်ဆေးကုသမှုခံယူခဲ့ပါသည်။ ကျန်းမာရေးစစ်ဆေးစမ်းသပ်ချက်များအရ အာရုံကြောများ နှေးကွေးတုံ့ဆိုင်းသည့်ရောဂါ၊ ၎င်းနှင့်ဆက်စပ်ဖြစ်ပေါ်သော အာရုံကြောအားနည်းရောဂါတို့အား ခံစားနေရသည်ကို တွေ့ရှိရသည့်အတွက် ၁၅-၄-၂၀၂၄ ရက်မှ ၁၉-၄-၂၀၂၄ ရက်အထိ စင်ကာပူနိုင်ငံ Mount Elizabeth Medical Centre တွင် ဦးနှောက်နှင့် အာရုံကြောပိုင်းဆိုင်ရာ စစ်ဆေးကုသမှုများခံယူခဲ့ပြီး ၂၇-၅-၂၀၂၄ ရက်မှ ၁၈-၆-၂၀၂၄ ရက်အထိ အမှတ်(၂)တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀)တွင် ဆေးကုသမှုခံယူခဲ့ပါသည်။

ယင်းကာလအတွင်း ယာယီသမ္မတ ဦးမြင့်ဆွေ၏ ဝဲ၊ ယာ မျက်စိများတွင် ဖြစ်ပွားလျက်ရှိသော အတွင်းတိမ်များကို ခွဲစိတ်ကုသခဲ့ရာ အမြင်အာရုံပြန်လည်ကောင်းမွန်လာခဲ့သော်လည်း အာရုံကြောအားနည်းရောဂါကို ဆက်လက်ခံစားနေရသဖြင့် ၁၈-၆-၂၀၂၄ ရက်မှ ၃၀-၇-၂၀၂၄ ရက်အထိ ဆေးခွင့်ယူ၍ နေအိမ်တွင် အထူးဆေးကုသမှုအဖွဲ့၏ အနီးကပ်ကျန်းမာရေးစောင့်ရှောက်မှုခံယူလျက်ရှိပါသည်။ ၃၀-၆-၂၀၂၄ ရက်နှင့် ၁၄-၇-၂၀၂၄ ရက်တို့တွင် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်းနှင့် ရှစ်ဦးပါဝင်သော အထူးဆေးကုသမှုအဖွဲ့ဖြင့် ကျန်းမာရေးစစ်ဆေးမှုကို ပြုလုပ်ခဲ့ရာ ကျန်းမာရေးအခြေအနေမှာ တိုးတက်ကောင်းမွန်လာခြင်းမရှိသေးဘဲ အစားအသောက်စားသုံးခြင်းအပါအဝင် နေ့စဉ်ပုံမှန်သွားလာ လှုပ်ရှားမှုကို လုပ်ဆောင်နိုင်မှုမရှိသေးသောကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ စီမံဆောင်ရွက်ပေးမှုဖြင့် အနီးကပ်ကျန်းမာရေးစောင့်ရှောက်မှုများကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**သတင်းထုတ်ပြန်ရေးအဖွဲ့**



# အသက်မွေးဝမ်းကျောင်း အထောက်အကူပြု ဉ္စေ့လမ်းညွှန် သင်တန်းဆင်းပွဲ ကျင်းပ

**ညောင်ဦး ဇူလိုင် ၁၈**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်သည့် အသက်မွေးဝမ်းကျောင်း အထောက်အကူပြု ဧည့်လမ်းညွှန်/ဧည့်လမ်းပြ မွမ်းမံသင်တန်းဆင်းပွဲ အခမ်းအနားကို ပုဂံမြို့၊ မြင်းကပါ ကျေးရွာမနုဟာဘုရားမွှော်ရုံတွင် ယနေ့ နံနက် ၁၀ နာရီက ကျင်းပခဲ့သည်။

အသက်မွေးဝမ်းကျောင်း အထောက်အကူပြု ဧည့်လမ်းညွှန်/ဧည့်လမ်းပြမွမ်းမံ သင်တန်းဆင်းပွဲအခမ်းအနားတွင် ဧည့်လမ်းညွှန်/ ဧည့်လမ်းပြ မွမ်းမံသင်တန်းနှင့် ပတ်သက်၍ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစောထွန်းဝင်းက သင်တန်းဆင်းအမှာစကားပြောကြားသည်။

ဆက်လက်၍ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု ဧည့်လမ်းညွှန်/ဧည့်လမ်းပြ မွမ်းမံ သင်တန်းဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ခရိုင်ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ခရိုင်ဦးစီးမှူး ဦးဝင်းမြတ်သိန်းက ရှင်းလင်းပြောကြားသည်။ ပြီးနောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစောထွန်းဝင်းက ဆုရသင်တန်းသားများအား ဆုများပေးအပ်ချီးမြှင့်ကာ ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းမြတ်သိန်း၊ မြို့နယ်ဦးစီးမှူး ဦးညီညီဦးတို့က သင်တန်းသား၊ သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ကြကာ သင်တန်းဆရာ၊ ဆရာမများအား အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **(၄၈၁)**

# မြင်းခြံမြို့နယ်၌ (၇၇)နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ် မြို့နယ်အဆင့် စာစီစာကုံး၊ ဆောင်းပါး၊ ကဗျာပြိုင်ပွဲ ကျင်းပ

**မြင်းခြံ ဇူလိုင် ၁၈**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ်၌ ဇူလိုင်(၁၉) ရက်နေ့တွင် ကျရောက်မည့်(၇၇) နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ် မြို့နယ်အဆင့် စာစီစာကုံး၊ ဆောင်းပါး၊ ကဗျာ ပြိုင်ပွဲအား ယနေ့ နံနက် ၉ နာရီက အထက(၁)ကျောင်း ပုပ္ပါးဆောင်တွင် ပြုလုပ်ခဲ့သည်။

"ကျောင်းသား၊ ကျောင်းသူများအနေဖြင့် နိုင်ငံ၏အထိမ်းအမှတ်နေ့များကို သတိတရရှိစေရန် ပြည်ထောင်စုကြီး ထာဝရ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဝိုင်းဝန်းကြိုးပမ်းလှုပ်ရှားဆောင်ရွက်ခဲ့ကြသည့် ဗိုလ်ချုပ်အောင်ဆန်း အပါအဝင် အာဇာနည်ပုဂ္ဂိုလ်ကြီးများအား အစဉ်အမြဲ အောက်မေ့သတိရပြီး တန်ဖိုးထားလေးစားမြတ်နိုးတတ်စေရန်၊ ပြည်ထောင်စုကြီးအတွင်းရှိ တိုင်းရင်းသားမျိုးနွယ်စုတိုင်း၏ စာပေ၊ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်း အစဉ်အလာများကို တန်ဖိုးထားထိန်းသိမ်းကာကွယ် စောင့်ရှောက်တတ်စေရန်၊ မျိုးချစ်စိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်များ ထာဝစဉ် ရှင်သန်ထက်မြက်စေရန်ရည်ရွယ်၍ ယခုလို စာစီစာကုံး၊ ဆောင်းပါး၊ ကဗျာပြိုင်ပွဲများ ပြုလုပ်ပေးရခြင်း ဖြစ်ပါတယ်" ဟု မြို့နယ်ပညာရေးမှူး ဒေါ်သိန်းမေက ပြောသည်။



(၇၇)နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ် အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် "လေးမြတ်ဂုဏ်ရည်အာဇာနည်" ခေါင်းစဉ်ဖြင့် ကျောင်းသား၊ ကျောင်းသူ(၆) ဦး၊ ဆောင်းပါးပြိုင်ပွဲတွင် "အာဇာနည်နေ့နှင့် အမျိုးသားရေးတာဝန်" ခေါင်းစဉ်ဖြင့် ကျောင်းသား(၄)ဦး၊ ကဗျာပြိုင်ပွဲတွင် "သမိုင်းမော်ကွန်းတည် ကိုးဦးအာဇာနည်" ခေါင်းစဉ်ဖြင့် ကျောင်းသား၊ ကျောင်းသူ(၆)ဦး၊ အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် "မမေ့စဉ်လာ အာဇာနည်နေ့အချိန်ခါ" ခေါင်းစဉ်ဖြင့် ကျောင်းသား၊ ကျောင်းသူ(၁၀)ဦး၊ ကဗျာပြိုင်ပွဲတွင် "အာဇာနည်မြတ် မမေ့အပ်" ခေါင်းစဉ်ဖြင့် ကျောင်းသား၊ ကျောင်းသူ (၈)ဦး၊ မူလတန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် "တို့များမမေ့နိုင် ၁၉ ဇူလိုင်" ခေါင်းစဉ်ဖြင့် ကျောင်းသား၊ ကျောင်းသူ(၉)ဦး အသီးသီးပါဝင် ယှဉ်ပြိုင်ခဲ့ကြသည်။ (၇၇) နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ် စာစီစာကုံး၊ ဆောင်းပါး၊ ကဗျာပြိုင်ပွဲများတွင် ဆုရရှိသူများအား ဇူလိုင်(၁၉)ရက်နေ့တွင် ဆုချီးမြှင့်ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်)**

# အိမ်ခြံမြေငှားရမ်းခများ အဆမတန်ဈေးတက်လာသော်လည်း ငှားရမ်းသူများပြားနေ

**မန္တလေး ဇူလိုင် ၁၈**

မန္တလေးမြို့တွင် အိမ်ခြံမြေ၊ တိုက်ခန်းငှားရမ်းမှု များပြားလာသောကြောင့် အိမ်ငှားခဈေးပုံမှန်ထက် တက်သွားသော်လည်း ငှားရမ်းမှု ဆက်လက်များပြားနေကြောင်း မန္တလေးမြို့တွင် အိမ်ခြံမြေလုပ်ငန်း လုပ်ကိုင်နေသူများထံမှ သိရသည်။

"အငှားဈေးကွက်က ဈေးတွေတက်လာတယ်။ ဈေးတက်လာရတာ နှစ်ချက်ရှိတယ်။ ပထမတစ်ချက်ကတော့ ကုန်ကျစရိတ်တွေတက်လာတော့ အိမ်ငှားစရိတ်ပါ တက်သွားတယ်။ ဥပမာ ၁၀ သိန်းနဲ့ငှားတဲ့ဟာကို ၁၁ သိန်းနဲ့ငှားတာကတော့ ဖြစ်သင့်ပါတယ်။

ဒါပေမယ့် အခုလို ခေတ်ကာလမှာ ကိုယ့်မြို့ကိုယ့်ရွာမှာ နေလို့မဖြစ်လို့ ပြင်ဦးလွင်၊ မန္တလေးကိုရောက်ရှိလာကြတဲ့အခါမှာ တချို့အိမ်ရှင်တွေပေါ့နော်ဈေးနှုန်းကို ၁၀ သိန်းနဲ့ငှားရတဲ့ အိမ်ကို သူတို့တွေရောက်လာမှ ၁၅ သိန်း တက်ကြတာရှိတယ်။ အဲ့လို မျိုးတွေပေါ့။ အကျိုးဆောင်တွေကတော့ ၁၀ သိန်းနဲ့ငှားတယ်ဆိုလို့ခေါ်လာတဲ့အခါမှာ အနီးရောက်ခါမှ ၁၅ သိန်းမရရင်မငှားဘူးတို့ ဖြစ်လာတဲ့အခါမှာ အဲဒီလိုတွေ့ရတဲ့အတွက် စိတ်မကောင်းဘူးပေါ့နော် "ဟု မန္တလေးမြို့တွင် အိမ်ခြံမြေလုပ်ငန်းလုပ်ကိုင်နေသည့် ရန်အောင် အိမ်ခြံမြေ အကျိုးဆောင်လုပ်ငန်း၏ ဒါရိုက်တာ ကိုရန်အောင်က ပြောသည်။

**(မန္တလေးနေ့စဉ်-၅)**

၀-၀-၀-၀-၀

# ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ
# ကွန်ပျူတာတက္ကသိုလ်(မန္တလေး) မိုးရာသီအားကစားပြိုင်ပွဲ ဆုချီးမြှင့်ပွဲ တက်ရောက်



နေပြည်တော် ဇူလိုင် ၁၈

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျသည် ယမန်နေ့ မွန်းလွဲပိုင်းက ကွန်ပျူတာတက္ကသိုလ်(မန္တလေး)သို့ ရောက်ရှိပြီး ကွန်ပျူတာခန်းများကို လှည့်လည်ကြည့်ရှု စစ်ဆေးကာ ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် မိုးရာသီ အားကစားပြိုင်ပွဲ ဖူဆယ်ဘောလုံး(ကျား)ပြိုင်ပွဲ ဗိုလ်လုပွဲသို့ တက်ရောက်ကြည့်ရှုအားပေးသည်။

ဗိုလ်လုပွဲအဖြစ် Legend Era အသင်းနှင့် Star Boy အသင်းတို့ အကြိတ်အနယ် ယှဉ်ပြိုင်ကစားကြပြီး Legend Era အသင်းက Star Boy အသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသည်။

ထို့နောက် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ ဒုတိယဝန်ကြီးက ကြက်တောင်(ကျား)ပြိုင်ပွဲ၊ ကြက်တောင်(မ)ပြိုင်ပွဲ၊ စားပွဲတင်တင်းနစ်(နှစ်ယောက်)ပြိုင်ပွဲ၊ စားပွဲတင် တင်းနစ် (တစ်ဦးချင်း) ပြိုင်ပွဲ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲ၊ ဖူဆယ်ဘောလုံး(မ)ပြိုင်ပွဲ၊ ဖူဆယ်ဘောလုံး(ကျား)ပြိုင်ပွဲတို့တွင် ဆုရရှိသည့် အသင်းများမှ ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ပြီး ပြိုင်ပွဲဝင်အသင်းများမှ ကျောင်းသား ကျောင်းသူများကို ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

တွေ့ဆုံနှုတ်ဆက်စဉ် ဒုတိယဝန်ကြီးက နိုင်ငံတော်က အားထားရပြီး ပြည်သူများကို အမှန်တကယ် အလုပ်အကျွေးပြုနိုင်သည့် ဗလ ငါးတန်နှင့် ပြည့်စုံသော စွမ်းရည်မြင့် IT ပညာရှင်များ ဖြစ်စေရေး အလေးထားကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်



မြန်မာအသင်းနှင့် ဗီယက်နမ်အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

# အာဆီယံ ယူ-၁၉ ချန်ပီယံရှစ်ပြိုင်ပွဲတွင် မြန်မာအသင်း ဗီယက်နမ်အသင်းနှင့် သရေကျ

ရန်ကုန် ဇူလိုင် ၁၈

အာဆီယံ ယူ-၁၉ ချန်ပီယံရှစ်ပြိုင်ပွဲ အုပ်စု (ခ) ပထမနေ့ကို ဇူလိုင် ၁၈ ရက်က အင်ဒိုနီးရှားနိုင်ငံ၌ကျင်းပရာ မြန်မာအသင်း သရေကျခဲ့သည်။

**တစ်ဂိုးစီသရေကျ**

အုပ်စု (ခ) ပထမနေ့တွင်မြန်မာအသင်းနှင့် ဗီယက်နမ်အသင်း တစ်ဂိုးစီသရေကျခဲ့ပြီး ဩစတြေးလျအသင်းက လာအိုအသင်းကို ခြောက်ဂိုးပြတ် အနိုင်ရခဲ့သည်။ မြန်မာအသင်းသည် ဦးဆောင်ဂိုးစတင်ရရှိခဲ့သော်လည်း ချေပဂိုးပြန်ပေးခဲ့ရသဖြင့် သရေရလဒ်ဖြင့် ကျေနပ်ခဲ့ရခြင်းဖြစ်သည်။

မြန်မာအသင်းသည် စွမ်းထက်၊ မင်းမော်ဦး၊ ဝင်းပြည့်မောင်၊ ရှိုင်းဝဏ္ဏအောင်၊ ခန့်ဇင်ဟိန်းစသည့် ကစားသမားများဖြင့် ပွဲထွက်လာပြီး ပွဲစကတည်းက အပြန်အလှန်ကစားနိုင်ခဲ့သည်။ မြန်မာအသင်းသည် ပထမပိုင်းကတည်းက ဂိုးရနိုင်သည့် အခွင့်အရေးများရခဲ့သော်လည်း အသုံးမချနိုင်ခဲ့ဘဲ ၅၉ မိနစ်တွင် ဂိုးစတင်ရရှိခဲ့သည်။ ထောင့်ကန်ဘောမှ ပြန်လျှံကျလာသောဘောလုံးကို ဖြိုးပြည့်စုံက ပိတ်သွင်းယူခဲ့ခြင်းဖြစ်သည်။ ဂိုးပေးလိုက်ရပြီးနောက်ပိုင်းတွင် ဗီယက်နမ်အသင်းက ချေပဂိုးရရန် ကြိုးပမ်းလာပြီး ၇၄ မိနစ်တွင် ကွမ်ယုက အဝေးကန်ချက်ဖြင့် ဂိုးပြန်သွင်းခဲ့သည်။

မြန်မာအသင်းသည် အုပ်စုဒုတိယပွဲအဖြစ် ဇူလိုင် ၂၁ ရက်တွင် လာအိုအသင်းနှင့် ကစားရမည်ဖြစ်သည်။

သတင်း-ကိုညီလေး

ဓာတ်ပုံ-MFF

# ဆိုက်ဘာလုံခြုံရေးအသိပညာပေး ဗီဒီယိုပြိုင်ပွဲ-၂၀၂၄(တက္ကသိုလ်အဆင့်)အွန်လိုင်းမှ ကျင်းပမည်

နေပြည်တော် ဇူလိုင် ၁၈

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက ကြီးမှူးကျင်းပမည့် ဆိုက်ဘာလုံခြုံရေး အသိပညာပေးဗီဒီယိုပြိုင်ပွဲ-၂၀၂၄ (တက္ကသိုလ်အဆင့်)ကို အွန်လိုင်းမှတစ်ဆင့် ကျင်းပပြုလုပ်မည်ဖြစ်ပြီး ပြိုင်ပွဲဝင်လိုသူများအနေဖြင့် ပြိုင်ပွဲဝင်လျှောက်လွှာနှင့် ပြိုင်ပွဲဝင်ဖိတ်ခေါ်ခြင်း အသေးစိတ်အချက်အလက်များကို အောက်ပါ Link တွင် Download ရယူနိုင်ကြောင်း သိရှိရသည်-

https://www.ncsc.gov.mm/CAVC2024-Registration Form.pdf

https://www.ncsc.gov.mm/CAVC2024-Announcement.pdf

ပြိုင်ပွဲတွင် ပထမဆု၊ ဒုတိယဆု၊ တတိယဆုနှင့် နှစ်သိမ့်ဆု နှစ်ဆုတို့ ချီးမြှင့်သွားမည်ဖြစ်ပြီး ပြိုင်ပွဲတွင် ပထမဆုရရှိသော Video ဖိုင်အား ဘရူနိုင်းနိုင်ငံ တွင် ကျင်းပပြုလုပ်မည့် ASEAN - JAPAN Cyber-security Awareness Video Competition - 2024 ပြိုင်ပွဲသို့ နိုင်ငံကိုယ်စားပြု ပေးပို့ယှဉ်ပြိုင်နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

အသေးစိတ်သိရှိလိုပါက အမျိုးသားဆိုက်ဘာလုံခြုံရေးဗဟိုဌာန၏ ဝက်ဘ်ဆိုက် www.ncsc.gov.mm သို့လည်းကောင်း၊ ဖုန်းနံပါတ် ၀၆၇-၃၄၂၂၇၂ သို့လည်းကောင်း ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရှိရသည်။

သတင်းစဉ်




# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် ဇူလိုင် ၁၈

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ်၊ ဇူလိုင် ၁၇ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် "Wit-Yi73" TikTok အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် မြို့သစ်ရပ်ကွက်နေ ဝတ်ရည်အား မွန်းလွဲ ၁ နာရီ ၅ မိနစ်တွင် ပဲခူးမြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ၂၀၂၄-၂၅ အာရှ အမျိုးသမီး ချန်ပီယံလိဂ်တွင် Preliminary stage အုပ်စု (A) ပွဲစဉ်ထွက်ပေါ်

မြန်မာအမျိုးသမီးလိဂ် လက်ရှိချန်ပီယံ မြဝတီအသင်းသည် ၂၀၂၄-၂၅ အာရှ အမျိုးသမီး ချန်ပီယံလိဂ်တွင် Preliminary stage အုပ်စု(A)တွင် လာအိုကလပ် Young Elephants အသင်း၊ ယူအေအီးကလပ် Abu Dhabi Country အသင်း၊ ဆော်ဒီကလပ် Al nassr အသင်းတို့နှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

Preliminary stage အုပ်စု(A)ကို ဆော်ဒီအာရေဗျကလပ် Al nassr အသင်းက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်ပြီး ဩဂုတ် ၂၅ ရက် မှ ၃၁ ရက်အတွင်း ကျင်းပရန် စီစဉ်ထားသည်။ Preliminary stage ကို အုပ်စု(၄)ခု ခွဲထားပြီး အုပ်စုဗိုလ်အသင်းများ မှာ ခြေစစ်ပွဲအောင်မြင်မည် ဖြစ်သည်။

မြဝတီ အမျိုးသမီးအသင်းအနေဖြင့် Preliminary stage အား ကျော်ဖြတ်နိုင်ခဲ့ပါက နောက်ဆုံးအဆင့် ပြိုင်ပွဲ အုပ်စု(A)သို့ တက်ရောက် ကစားရမည်ဖြစ်သည်။

(NGB)

0-0-0-0-0

# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ

## Jo Jungsuk က Pilot တွင် အမျိုးသမီးတစ်ဦးအသွင်နှင့် တွေ့ရ

အနုပညာရှင် ဂျိုကျောင်ဆွတ်သည် Pilot ဇာတ်လမ်းတွင် အမျိုးသမီးတစ်ဦးကဲ့သို့ ပရိသတ် အံ့သြရလောက်သည်ထိ အကျီတစ်ရာကျော်ဝတ်၍ သရုပ်ဆောင်သွားသည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။




အဆိုပါ ဇာတ်လမ်းတွင် အလုပ်ခွင်အရှုပ်တော်ပုံကြောင့် ထိပ်တန်းလေယာဉ်မှူးတစ်ဦးဘဝမှ အလုပ်လက်မဲ့ဖြစ်သွား၍ အလုပ်ထုတ်ခံရပြီး သူဆုံးရှုံးမှုများကို ပြန်ယူရန်အတွက် ညီမနာမည်ကို သုံးကာ အမျိုးသမီးတစ်ဦးကဲ့သို့ ဝတ်စားဆင်ယင်၍ ရဲရင့်သည့် စိတ်ကူးနှင့်ပြန်လည်ပေါ်ထွက်လာသည်။

ဂျိုကျောင်ဆွတ်က အင်တာဗျူးတွင် ဇာတ်ရုပ်အတွက် မိန်းမဆန်စေရန် စနစ်တကျ ကိုယ်အလေးချိန်ချခဲ့ပြီး ခုနစ်ကီလိုကျရန် တင်းကြပ်သည့် အစားအသောက်များကို စားခဲ့ရကြောင်း၊ သေးသွယ်သော မေးရိုးရရန် နှိပ်နယ်ခြင်း၊ Lymph node များကို နှိပ်နယ်၍ လေယာဉ်မယ်အဖြစ် သရုပ်ဆောင်ရာတွင် ဝတ်စုံတစ်ရာကျော် ဝတ်ဆင်ခဲ့ရသည်ဟု ပြောကြားသွားသည်။

သူမလုပ်ဖူးသော ဇာတ်ရုပ်ဖြစ်၍ လက်ခံလိုက်ပြီး ၂၀၂၄ ခုနှစ်တွင် ထွက်ရှိသည့် ရုပ်ရှင် The Land of Happiness တွင်လည်း ပါဝင်ထားသည်။

(SKY)

၀-၀-၀-၀-၀-၀



## အသက်အန္တရာယ်ရှိသော မြွေဟောက်အဆိပ်ကို ဟေပရင်သွေးကြဲဆေးက ချေဖျက်နိုင်ကြောင်း တွေ့ရှိ

အာဖရိက၊ တောင်နှင့် အရှေ့တောင်အာရှရှိ ဝင်ငွေနည်းသော အလယ်အလတ်ရှိသော နိုင်ငံများတွင် မြွေကိုက်ခြင်းကြောင့် တစ်နှစ်လျှင် လူပေါင်း ၁၃၈၀၀၀ ဦးခန့် အသက်ဆုံးရှုံးနေကြရသည်။ အထူးသဖြင့် အာဖရိကနှင့် အိန္ဒိယတွင် မြွေဟောက်ကိုက်ခံရသဖြင့် သေဆုံးရသူပမာဏပိုများသည်ကို တွေ့ရကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က အတည်ပြုသည်။

မြွေဟောက်၏အဆိပ်ကိုချေဖျက်နိုင်ရန် ဩစတြေးလျနိုင်ငံ ဆစ်ဒနီတက္ကသိုလ်မှ ပါမောက္ခဂရက်နီလီ ဦးဆောင်သောပညာရှင်များ မကြာသေးမီက သုတေသနပြုလေ့လာခဲ့ကြသည်။

ထိုသို့ လေ့လာရာမှ အများသုံး သွေးကြဲဆေးတစ်မျိုးဖြစ်သည့် ဟေပရင်ကို ဓာတ်ခွဲခန်းကြွက်များဖြင့် စမ်းသပ်ခဲ့ရာ မြွေဟောက်၏အဆိပ်ပြယ်သွားသည်ဟု ဖော်ထုတ်တွေ့ရှိခဲ့ကြောင်း သိရသည်။ **(Mon)**

## Justin Bieber က အိန္ဒိယရောက်ပုံများစွာကို ပရိသတ်အတွက် မျှဝေပေးထား

ကမ္ဘာ့ကျော်အဆိုတော် ဂျက်စတင်ဘီဘာသည် အိန္ဒိယနိုင်ငံ အမ်ဘာနီပွဲသို့ ရောက်ရှိခဲ့ပြီး သူ၏အင်စတာဂရမ်မှ ပုံပေါင်းများစွာနှင့် ဗီဒီယိုများ မျှဝေပေးထားသည်ဟု ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

နိုင်ငံကျော်အဆိုတော်တစ်ဦးအနေနှင့် ပရိသတ်အတွက် အလေးပေးပြုလုပ်ပေးခဲ့ရာ ဓာတ်ပုံပေါင်း ၅၀ နီးပါးနှင့် ဗီဒီယိုသုံးခု မျှဝေပေးခဲ့ခြင်းမှာ ပရိသတ်အတွက် အားတစ်ခုဖြစ်စေခဲ့သည်။

အမ်ဘာနီ၏ သားငယ်ဖြစ်သူ သတို့သားနှင့်လည်း ရင်းနှီးစွာ တွေ့ဆုံခဲ့ပြီး စတိတ်စင်ပေါ်တွင် အိန္ဒိယနိုင်ငံသား လူငယ်များကို ပျော်ရွှင်ဖွယ်ဂီတနှင့် ဖျော်ဖြေပေးခဲ့ကာ ရင်းနှီးနွေးထွေးမှုရှိခဲ့သည့် ပုံရိပ်များကို မြင်တွေ့ကြရသည်။

(SKY)





## SHINee မှ Onew က မနီလာတွင် ပရိသတ်တွေ့ဆုံပွဲ အောင်မြင်စွာ ကျင်းပခဲ့

ရှိုင်နီးအဖွဲ့ဝင် အိုနယူးက တစ်ကိုယ်တော်ဂီတဖျော်ဖြေပွဲနှင့် မနီလာမြို့တွင် ပရိသတ်တွေ့ဆုံပွဲကို GUESS အမည်နှင့် အောင်မြင်စွာ ကျင်းပခဲ့သည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့တွင် နယူးဖော်တိန်နာကဇာတ်ရုံတွင် ပရိသတ်တွေ့ဆုံပွဲ ကျင်းပခဲ့ရာ အိုနယူးက ပွဲမစမီ မီဒီယာများကို နှုတ်ဆက်၍ ဤသို့အခွင့်အရေးရရှိသည့်အတွက် ကျေးဇူးတင်ကြောင်း ဖိလစ်ပိုင်တွင် တစ်ဦးတည်းဖျော်ဖြေခဲ့သည်မှာ ပထမဆုံးအကြိမ်ဖြစ်ပြီး နောင်လည်း ပရိသတ်များစွာနှင့် ဖျော်ဖြေပွဲများ ကျင်းပနိုင်ရန် မျှော်လင့်ထားကြောင်း ပြောကြားခဲ့သည်။

အိုနယူးက GUESSဟု အမည်ပေးထားခြင်းမှာ ပရိသတ်များ သူဆက်လုပ်မည့် အရာများ ခန့်မှန်းနိုင်ရန်အတွက်ဖြစ်ပြီး သူ၏မထုတ်ရသေးသည့် သီချင်းO(circle)ဖြင့် အထူးဖျော်ဖြေ၍ လက်ဆောင်ပေးခဲ့သည်။ (SKY)

## The Once မှ Nayeon က အယ်လ်ဘမ်နှစ်ချပ်နှင့် Million Seller ဖြစ်လာ

ကေပေါ့ပ်စတုတ္ထမျိုးဆက်သစ်သည့် ဝမ်းစ်အဖွဲ့ဝင် နာယွန်းသည် တစ်ကိုယ်တော်အယ်လ်ဘမ်နှစ်ချပ်ထုတ်နှင့် ရောင်းအားသန်းချီရောင်းရသော Million Sellers ဖြစ်လာခဲ့သည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

နာယွန်းသည် အဖွဲ့ဝင်များအနက် အဓိက အဆိုရှင်ဖြစ်ပြီး တစ်ကိုယ်တော်ဂီတအယ်လ်ဘမ်ထုတ်ခဲ့ရာမှ Circle Chart တွင် အယ်လ်ဘမ်ရောင်းအား တစ်မီလီယံ ရောင်းချနိုင်ခဲ့သည်ဟု တရားဝင် ကြေညာထားသည်။

နာယွန်း၏ ဂီတသမိုင်းတွင် အယ်လ်ဘမ်နှစ်ချပ်နှင့် အဆိုပါ ဂီတစံချိန်တင်ထားနိုင်ခဲ့၍ ကေပေါ့ပ်အနုပညာလောကတွင် အမျိုးသမီးကေပေါ့ပ်အဆိုတော်တစ်ဦးအဖြစ် ကျော်ကြားခဲ့ကာ Million Seller အဖြစ် သတ်မှတ်ခံခဲ့ရသည်။ (SKY)




## Queen of Tears မင်းသမီး Kim Ji Won ကို Dior က သီးသန့်ဖော်ပြထား

အနုပညာရှင် ကင်ဂျီဝမ်သည် Queen of Tears နှင့် လူသိများခဲ့ပြီး Dior ကုန်အမှတ်တံဆိပ်၏ သံတမန်လည်းဖြစ်၍ Dior က သီးသန့်ပုံရိပ်များ ထုတ်ပေးထားသည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အာရှအနုပညာရှင်များကို Dior က သီးသန့်ဖော်ပြပေးထားကာ မိတ်ဆက်စာတွင်လည်း Queen of Tears မင်းသမီးဟု ရေးသားထား၍ ကင်ဂျီဝမ်မင်္ဂလာဆောင်ကို စပွန်ဆာပေးလိမ့်မည်ဟု ပရိသတ်ထင်ကြေးပေးထားကြသည်။

ကင်ဂျီဝမ်သည် သိမ်မွေ့သော အလှပိုင်ရှင်ဖြစ်ပြီး စိတ်သဘောထားကောင်း၍ ပရိသတ်အချစ်ကို ရရှိထားကာ အချစ်ရေးနှင့်ပတ်သက်၍ ကောလာဟလများ ထွက်ပေါ်လာပြီး မင်္ဂလာသတင်းအထိ ရောက်ရှိလာခဲ့သည်။

ကင်ဂျီဝမ်သည် အနုပညာစွမ်းရည်ပြည့်ဝရုံသာမက ချောမောလှပ၍ စိတ်ထားကောင်းသူဖြစ်ရာ ကြိုက်နှစ်သက်သူ များပြားခဲ့ပြီး မကြာမီက ထွက်ရှိလာသော သတင်းအရ မင်္ဂလာပွဲကျင်းပတော့မည်ဖြစ်သည်။ (SKY)





## Wang Yibo ၏ Animism သီချင်းနှင့် Jiangsu နယ်၏ ယဉ်ကျေးမှုနှင့် ခရီးသွားအကြောင်း မိတ်ဆက်ထား

တရုတ်နိုင်ငံ၏ လှပသောရှုခင်းများနှင့် ပရိမိုးရှင်းလုပ်ထားသော Jiangsu နယ်ယဉ်ကျေးမှုနှင့် ခရီးသွားအကြောင်း မိတ်ဆက်ထားရာ ဝမ်ရိဘို၏ Animism သီချင်းကို အသုံးပြုထားသည်ဟု ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ သီချင်းကိုအသုံးပြု၍ လှပသောရှုခင်းများနှင့် ပရိမိုးရှင်းလုပ်ထားမှုကို CCTV& Culture & Toursim Douyin acc က ပြုလုပ်ပေးထားပြီး နေ့စဉ်ဒေသတိုင်း၌ ထုတ်လွှင့်ပြသတင်ဆက်ထားသည်။

အစိုးရပိုင် မီဒီယာများက




လည်း Jiangsu နယ်၏ယဉ်ကျေးမှုနှင့်ခရီးသွားအကြောင်း မိတ်ဆက်ထားပြီး ဝမ်ရိဘို၏ Animism သီချင်းနှင့် ဗီဒီယိုကို ထုတ်လွှင့်ပြသပေးထားရာ ပရိသတ်များ နေရာဒေသအနှံ့မြင်တွေ့ခဲ့ကြရ၍ နှစ်ခြိုက်နေကြသည်။

ရှောင်းကျန့်၏ ချုံချင့်မြို့ ယဉ်ကျေးမှုနှင့် ခရီးသွားအကြောင်း နောက်ခံစကားပြောနှင့် ဝမ်ရိဘို၏ နောက်ခံသီချင်းဂီတတို့ကြောင့် ပရိသတ်စိတ်ဝင်စားမှု မြင့်မားစွာ ရရှိထားသည်။

(SKY)

# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ



## ဂျပန်နိုင်ငံ၏ ယခုနှစ်ပို့ကုန်အခြေအနေကောင်းမွန် ဇွန်လအတွင်း ၅ ဒသမ ၄ ရာခိုင်နှုန်း တိုးတက်

**တိုကျို ဇူလိုင် ၁၈**

ဂျပန်နိုင်ငံ၏ ယခုနှစ်ပို့ကုန် အခြေအနေကောင်းမွန်ခဲ့ရာ လွန်ခဲ့သော ဇွန်လအတွင်းက ပို့ကုန် ကဏ္ဍ၌ ၅ ဒသမ ၄ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ခုနစ်လဆက်တိုက် အခြေအနေကောင်းမွန်ခဲ့သော ဂျပန်ပို့ကုန်များသည် ယမန်နှစ်ကထက် တိုးတက်သည့်ပမာဏ သာလွန်ခဲ့ကြောင်း ဂျပန်ဘဏ္ဍာရေးဝန်ကြီးဌာနက အတည်ပြုကြေညာသည်။

သွင်းကုန်ပိုင်းတွင်လည်း ပမာဏ ၉ ရာခိုင်နှုန်းကျော်အထိ မြင့်တက်နိုင်သည်ဟု ပြည်တွင်းစီးပွားရေးပညာရှင်များ တွက်ချက်ခန့်မှန်းခဲ့ကြသော်လည်း ဇွန်လက ၃ ရာခိုင်နှုန်းကျော်သာ ရှိခဲ့ကြောင်း သိရသည်။

**Mon**

## ဒေါ်နယ်လ်ထရမ့် သေနတ်ပစ်ခံရမှုနှင့်ပတ်သက်၍ နှစ်ပါတီစုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းသွားမည်

**ဝါရှင်တန် ဇူလိုင် ၁၈**

အမေရိကန်သမ္မတလောင်း ဒေါ်နယ်လ်ထရမ့် သေနတ်ပစ်ခံရမှုနှင့်ပတ်သက်၍ လာမည့်အပတ်တွင် ဒီမိုကရက်တစ်နှင့် ရီပတ်ဘလီကန် နှစ်ပါတီစုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းသွားမည်ဖြစ်သည်ဟု အောက်လွှတ်တော် ဥက္ကဋ္ဌ မိုက်ခ်ဂျွန်ဆင်က ဇူလိုင် ၁၇ ရက်၌ အတည်ပြုပြောကြားကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။




ဇူလိုင် ၁၅ ရက်က ပင်ဆယ်လ်ဗေးနီးယားပြည်နယ် ဘတ္တလာမြို့၌ ဒေါ်နယ်လ်ထရမ့် မဲဆွယ်စည်းရုံးဟောပြောနေစဉ် ရဲတပ်ဖွဲ့နှင့် လျှို့ဝှက်တပ်ဖွဲ့ဝင်များ အင်အားအပြည့်ချထားသည့်ကြားတွင်ပင် အသက် ၂၀ အရွယ် သောမတ်စ်မက်သယူးခရွတ်စ်ဟုအမည်ရသော အမျိုးသားတစ်ဦးက ၎င်းကို စနိုက်ပါသေနတ်ဖြင့် အဝေးမှပစ်ခတ်ကာ လုပ်ကြံသတ်ဖြတ်ရန် ကြိုးစားခဲ့သည်။

ယင်းပစ်ခတ်မှုနှင့်ပတ်သက်၍ ကောလာဟလနှင့် သတင်းမှားမျိုးစုံပေါ်ထွက်လျက်ရှိရာ အမှုမှန်ဖော်ထုတ်နိုင်ရန် စစ်ဆေးရေးအဖွဲ့တွင်ပါဝင်မည့် နှစ်ပါတီကိုယ်စားပြုအမတ်များအနေဖြင့် အောက်ခြေအထိဆင်းကာ စုံစမ်းမေးမြန်းပြီး အဖြေများ ကောက်ယူကြရမည်ဖြစ်ကြောင်း ဂျွန်ဆင်က ရှင်းပြသည်။

ပစ်ခတ်မှုမဖြစ်အောင် ကြိုတင်စီမံနိုင်ခဲ့ခြင်းမရှိသည့်ကိစ္စနှင့်ပတ်သက်၍ အမေရိကန်လျှို့ဝှက်တပ်ဖွဲ့ ညွှန်ကြားရေးမှူး ကင်ဘာလေချီတဲလ်ကို အောက်လွှတ်တော် ပြည်တွင်းလုံခြုံရေး ကော်မတီအရပ်ရပ်က ရှေ့အပတ်တွင် သီးခြားစစ်ဆေးမေးမြန်းဦးမည်ဟု ဆိုသည်။

**Mon**



## ကိုဗစ် ၁၉ ရောဂါ ထပ်မံကူးစက်ခံရသဖြင့် ဂျိုးဘိုင်ဒင် မဲဆွယ်စည်းရုံးရေး ရပ်တန့်

**ဝါရှင်တန် ဇူလိုင် ၁၈**

ကိုဗစ် ၁၉ ရောဂါ ထပ်မံကူးစက်ခံရသဖြင့် ဇူလိုင် ၁၈ ရက်မှစ၍ အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင် မဲဆွယ်စည်းရုံးရေး ရပ်တန့်လိုက်ရကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

အသက် ၈၁ နှစ်အရွယ် သမ္မတ ဂျိုးဘိုင်ဒင်အနေဖြင့် ထိုရောဂါကူးစက်ခံရသည်မှာ သုံးကြိမ်ရှိပြီ ဖြစ်သည်။

ပက်ဖ်လိုဗစ်ကာကွယ်ဆေးနှင့် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးထားပြီးသည့်ကြားမှာပင် ထိုသို့ ထပ်မံကူးစက်ခံရခြင်းဖြစ်ကြောင်း သိရသည်။

**Mon**

## မျိုးတုံးတော့မည့် ထိုင်းမိချောင်းအကောင် ၆၀ ကမ္ဘောဒီးယား၌ မကြာသေးမီက ပေါက်ဖွားလာ

**ဖနွမ်းပင် ဇူလိုင် ၁၈**

မျိုးတုံးတော့မည်ဆိုသော ထိုင်းမိချောင်းများကို ကမ္ဘောဒီးယားနိုင်ငံ၌ စနစ်တကျ မွေးမြူထိန်းသိမ်းခဲ့ရာ မကြာသေးမီက အကောင် ၆၀ အထိ ပေါက်ဖွားလာကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

လွန်ခဲ့သော မေလက မိချောင်းဥများရှိသည့် အသိုက် ၅ ခုကို ဒေသခံများတွေ့ရှိကာ သတင်းပေးသဖြင့် သက်ဆိုင်ရာတောရိုင်းတိရစ္ဆာန်ထိန်းသိမ်းရေးအဖွဲ့က ဆက်လက်စောင့်ကြည့်ခဲ့သည်။

ဤသို့ဖြင့် ဇွန်လနှောင်းပိုင်းက စတင်အကောင်ပေါက်လာသော ထိုင်းမိချောင်းပေါက်ကလေးများသည် ယခုအခါ စားကျက်အတွင်း ရှင်သန်သွားလာလှုပ်ရှားနေကြပြီ ဖြစ်သည်။

ရေချိုတွင် နေထိုင်ကျက်စားသည့် ထိုင်းမိချောင်းများသည် အစိမ်းရောင်အရေခွံရှိပြီး အရွယ်ရောက်လျှင် နှာဖျားမှ အမြီးဖျားအထိ ၁၀ ပေခန့် ရှည်လျားလာလေ့ရှိသည်။

တစ်ကမ္ဘာလုံးတွင် အကောင်ရေ ၄၀၀ ခန့်သာကျန်ရှိတော့သည့် အဆိုပါထိုင်းမိချောင်းအများစုကို ယခုအခါ ကမ္ဘောဒီးယားနိုင်ငံအတွင်းရှိ တောင်ပေါ်ဒေသ၌ တွေ့မြင်ရမည်ဖြစ်ကြောင်း သိရသည်။

**Mon**





## အိန္ဒိယနှင့် တရုတ် နှစ်နိုင်ငံဆက်ဆံရေးကြောင့် အထူးပြည်ဝင်ခွင့်ကိစ္စဆောင်ရွက်ရန် ကြန့်ကြာ

**ဒေလီ ဇူလိုင် ၁၈**

အိန္ဒိယနှင့်တရုတ် နှစ်နိုင်ငံဆက်ဆံရေးကြောင့် အိန္ဒိယဘက်က အထူးပြည်ဝင်ခွင့်ကိစ္စ ဆောင်ရွက်ရန် ကြန့်ကြာခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

လွန်ခဲ့သော ၂၀၂၀ ပြည့် နှစ်က ဟိမဝန္တာတောင်တန်းဒေသနှင့် ဆက်စပ်နေသည့် နယ်စပ်အရေးဖြစ်ပွားပြီးနောက် နှစ်ဖက်နိုင်ငံခြားရေးဝန်ကြီးဌာန အကြီးတန်းအရာရှိများအဆင့်အထိ တွေ့ဆုံညှိနှိုင်းကာ ပြေလည်မှုရရှိခဲ့သည်။

သို့ရာတွင် ယခုနောက်ပိုင်းအထိ သံတမန်ဆက်ဆံရေး အခြေအနေ တင်းမာနေဆဲဖြစ်ရာမှ အထူးသဖြင့် တရုတ်စက်ပိုင်းဆိုင်ရာပညာရှင်များ အိန္ဒိယနိုင်ငံသို့ ပြည်ဝင်ခွင့်ရရန် အထူးဆောင်ရွက်ပေးရေးကိစ္စ ကြန့်ကြာလျက်ရှိသည်။

တရုတ်နိုင်ငံမှ ဝယ်ယူထားသောစက်ပစ္စည်းများ ပြုပြင်ထိန်းသိမ်းရာတွင် တရုတ်ပညာရှင်များ၏ အကူအညီရယူရန် လိုအပ်သဖြင့် ကုန်သွယ်ရေး၊ ပြည်ထဲရေးနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနအသီးသီးသို့ဆက်သွယ်ပြီး ၎င်းတို့အတွက် ပြည်ဝင်ခွင့်ပေးရန် တင်ပြလျှောက်ထားခဲ့ကြောင်း သိရသည်။

**Mon**



ဇူလိုင် ၁၈ ရက် အရှေ့ဏ်မတက်မီက ဖြစ်ပွားကာ လူ ၁၆ ဦး သေဆုံးစေခဲ့သော တရုတ်နိုင်ငံ စီချွမ်ပြည်နယ် စီးဂုံးမြို့ရှိ ၁၄ထပ်မြင့်သည့် ကုန်တိုက်ကြီးမီးလောင်မှုအခြေအနေကို တွေ့ရစဉ်။

**Mon**

## တောင်ကိုရီးယားအလယ်ပိုင်း၌ မုတ်သုံမိုးသည်းထန် မြစ်များအနီး နေထိုင်သူများကို ကြိုတင်သတိပေးထား

**ဆိုးလ် ဇူလိုင် ၁၈**

တောင်ကိုရီးယားနိုင်ငံအလယ်ပိုင်း၌ မုတ်သုံမိုးသည်းထန်စွာရွာသွန်းနေပြီဖြစ်ရာ မြစ်များအနီး နေထိုင်သူများကို ကုန်းတွင်းပိုင်းသို့ ရွှေ့ပြောင်းကြရန် သက်ဆိုင်ရာအာဏာပိုင်များက ဇူလိုင် ၁၈ ရက်တွင် ကြိုတင်သတိပေးလိုက်ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။



တစ်ရက်တည်းတွင် မိုးရေချိန် ၃၀၀ မီလီမီတာကျော်သို့ရောက်ရှိခဲ့သဖြင့် မြောက်ကိုရီးယားနိုင်ငံမှ တောင်ကိုရီးယားနိုင်ငံသို့ စီးဆင်းနေသောမြစ်များအတွင်း စိုးရိမ်ရေမှတ်အထက်ကျော်လွန်ကာ ရေလျှံလာနိုင်သည်ဟု စိုးရိမ်ပြီး အခြေအနေကို မပြတ်စောင့်ကြည့်လျက်ရှိသည်။

တောင်ကိုရီးယားနိုင်ငံတစ်ဝန်းလုံးတွင် လွန်ခဲ့သောလများအတွင်း အပူချိန်လွန်ကဲခဲ့ပြီးနောက် မုတ်သုံမိုးရွာသွန်းချိန်တွင်လည်း ပုံမှန်ထက်လွန်ကဲနေပြန်ကြောင်း မိုးလေဝသပညာရှင်များက ထောက်ပြသည်။

၂၀၀၉ ခုနှစ်က မြောက်ကိုရီးယား ရေကာတာတစ်ခု၏ ရေထိန်းတံခါးဖွင့်ချခဲ့ရာမှ တောင်ကိုရီးယား၌ ရုတ်တရက် ရေကြီးကာ လူ ၆ ဦးထက်မနည်း သေဆုံးခဲ့ရဖူးကြောင်း သိရသည်။

**Mon**

## ညောင်ဦးခရိုင် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကော်မတီအစည်းအဝေး ကျင်းပ

**ညောင်ဦး ဇူလိုင် ၁၈**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ကလေးသူငယ် အခွင့်အရေးဆိုင်ရာကော်မတီ အစည်းအဝေးကို ဇူလိုင်၁၆ ရက် နံနက် ၁၀နာရီက ညောင်ဦးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ သည်။

အခမ်းအနားတွင် ညောင်ဦး ခရိုင်ကလေးသူငယ်အခွင့်အရေး များဆိုင်ရာကော်မတီဥက္ကဋ္ဌ ဦးစောထွန်းဝင်းက အဖွင့်အမှာ စကားပြောကြားပြီး ညောင်ဦး ခရိုင်လူမှုဝန်ထမ်းဦးစီးဌာနဒုတိယ ညွှန်ကြားရေးမှူးဒေါ်မြင့်မြင့်သန်း က ခရိုင်ကလေးသူငယ်အခွင့်အရေး များဆိုင်ရာကော်မတီ ၂၀၂၃ ခုနှစ်နှင့် ၂၀၂၄ ခုနှစ်တို့ တွင် ဆောင်ရွက်ခဲ့သည့် လုပ်ငန်း ဆောင်ရွက်ချက်များနှင့် ရှေ့ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များအား ရှင်းလင်း ပြောကြားသည်။ ဆက်လက်၍ တက်ရောက်လာသည့် ကလေး သူငယ်အခွင့်အရေးများဆိုင်ရာ ကော်မတီဝင်များက သက်ဆိုင်ရာ ကဏ္ဍအလိုက် ဆွေးနွေးခဲ့သည်။

အဆိုပါ အစည်းအဝေးသို့ ညောင်ဦးခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌဦးစောထွန်းဝင်း၊ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာများ၊ ညောင်ဦး ခရိုင် မိခင်နှင့်ကလေးစောင့် ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်နန့်သီတာချိုစင်တို့ တက် ရောက်ခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

**(၄၈၁)**

၀-၀-၀-၀-၀-၀





## မီးဘေးကြောင့်ပျက်စီးသွားသော အိမ်ထောင်စုအတွက် ထောက်ပံ့ပစ္စည်းများ ပေးအပ်

**ခန္တီး ဇူလိုင် ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး၊ ခန္တီးမြို့၊ ပေါမိုင်းရပ်ကွက်တွင် မီးဘေးကြောင့် ပျက်စီးသွားသော အိမ်ထောင်စုတစ်စုအတွက် ထောက်ပံ့ ပစ္စည်းများကို ဇူလိုင် ၁၅ရက်က ပေးအပ်ခဲ့သည်။

ခန္တီးမြို့၊ ပေါမိုင်းရပ်ကွက်တွင် ဇူလိုင်၁၄ရက်က ဖယောင်း တိုင်မီးထွန်းရာမှ ပျဉ်ထောင်အိမ် တစ်လုံး မီးလောင်မှုဖြစ်ပွားခဲ့ ခြင်း ဖြစ်သည်။

ခန္တီးခရိုင်ဘေးအန္တရာယ် ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ဝန်ထမ်းများ၊ သက်ဆိုင်ရာတာဝန်ရှိ သူများက မီးလောင်ကျွမ်းသွား သော ပျဉ်ထောင်အိမ်တစ်လုံး အတွက် အိမ်ဆောက်ပစ္စည်းဖိုး ကျပ်နှစ်သိန်း၊ လူဦးရေ လေးဦး အတွက် ဆန်ရိက္ခာဖိုးငွေကျပ် ၄၈၀၀၀၊ စုစုပေါင်းကယ်ဆယ်ရေး ရန်ပုံငွေကျပ်၂၀၄၈၀၀၀ နှင့် ကယ် ဆယ်ရေးပစ္စည်း ၁၈ မျိုးပါ Family Kit တစ်ပုံးတို့ကို အဆို ပါ မီးဘေးသင့်ပြည်သူများ၏ လက်ဝယ်အရောက်ပေးအပ်ခဲ့ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**(၃၉၄)**

## ဆေးအရောင်းဆိုင်များအား သက်တမ်းလွန်ဆေးဝါးများ ရောင်းချမှု ရှိ၊ မရှိ ကွင်းဆင်းစစ်ဆေး

**ခိုလမ် ဇူလိုင် ၁၈**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ခိုလမ်မြို့တွင် ရှမ်းပြည်နယ် အစား အသောက်နှင့်ဆေးဝါးကွပ်ကဲရေး ဦးစီးဌာနမှ ဆေးအရောင်းဆိုင် များအား သက်တမ်းလွန်ဆေးဝါး များ ရောင်းချမှု ရှိ၊ မရှိ ကွင်း ဆင်းစစ်ဆေးခြင်းကို ယနေ့နံနက် ၁၀နာရီခွဲက ဆောင်ရွက်ခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာ တွင် ရှမ်းပြည်နယ်အစားအသောက် နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူး ဒေါက်တာ ကျော်သန်းဌေး၊ မြို့အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ မြို့အုပ် ချုပ်ရေးမှူး ဦးအောင်ကျော်မြင့်၊ မြို့ကျန်းမာရေးဌာန၊ မြို့စည်ပင် သာယာရေးဌာန ပူးပေါင်း၍ ဆေးဆိုင်များတွင် သတ်မှတ် ထားသော သက်တမ်းလွန်ဆေး ဝါးများ၊ စပ်ဆေးများ၊ မှတ်ပုံ တင်ထားခြင်းမရှိသော ဆေးဝါး များ ရောင်းချခြင်းရှိ၊ မရှိ ကွင်း ဆင်းစစ်ဆေးခဲ့ပြီး စနစ်တကျ ရောင်းချမှုရှိစေရန် အကြံပြုဆောင် ရွက်ခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**



# အမြို့မြို့ အနယ်နယ်မှ မှူခင်းသတင်းများ

## တရားမဝင် စက်သုံးဆီများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ မော်တော်ဆိုင်ကယ်နှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၁၈**

တရားမဝင်ကုန်သွယ်မှုတိုက် ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရား မဝင်ကုန်သွယ်မှုများကို ဥပဒေ နှင့်အညီ ထိရောက်စွာ တားဆီး အရေးယူနိုင်ရေးဆောင်ရွက်လျက် ရှိရာ ဇူလိုင် ၈ ရက်၊ ၉ ရက်နှင့် ၁၃ ရက်တို့တွင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက် ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြိုင်ကြီး ငူ-ရွှေဂွန်း-ဘားအံကား လမ်း၊ ထီဖိုးကလုံကျေးရွာအနီး၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက် အထား တင်ပြနိုင်ခြင်းမရှိသည့် ပုဗ္ဗန်တစ်ကောင် စားအုန်းဆီ (၁၈)လီတာပါ ၁၃၉ဖပုံးနှင့် အဆိုပါပစ္စည်းများ တင်ဆောင် လာသည့် Nissan Diesel Truck တစ်စီးကိုလည်းကောင်း၊ သံလွင်တံတား ပူးပေါင်းစစ်ဆေး ရေးဂိတ်(တရုတ်လှကျေးရွာဘက် ခြမ်း)၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော် ယာဉ်တစ်စီးပေါ်မှ တရားဝင်စာ ရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် Lenovo Laptop Computer (Used) လုံး ၄၀ အပါအဝင် ကုန်ပစ္စည်းနှစ်မျိုးနှင့် အဆိုပါ ပစ္စည်းများ တင်ဆောင်လာသည့် King Long Bus တစ်စီးကို လည်းကောင်း ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်း များနှင့်အညီအရေးယူဆောင်ရွက် လျက်ရှိသည်။ **(အောက်ဝဲပုံ)**

ထို့အတူ ဇူလိုင် ၁၅ ရက် တွင် တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက် ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြိတ်ခရိုင်နှင့် ထားဝယ်ခရိုင်တို့ အတွင်း၌ လိုင်စင်မဲ့မော်တော် ယာဉ်များ ဖြစ်သည့် Honda Fit (၅)စီး၊ Toyota Mark X (၃)စီး၊ Toyota Crown (၂) စီး၊ Nissan Wingroad (၂)စီး၊ Nissan AD Van (၂)စီး၊ Toyota Wish (၂)စီး၊ Daihatsu (၂)စီး၊ Caldina (၁)စီး၊ Honda Insight (၁)စီး၊ Honda CRV (၁)စီး၊ Toyota Probox (၁)စီး၊ Isuzu D-Max (၁)စီး စုစုပေါင်းမော် တော်ယာဉ် ၂၃စီးကိုလည်းကောင်း၊ ကော့သောင်းခရိုင်အတွင်း၌ လိုင် စင်မဲ့ Honda Click မော်တော် ဆိုင်ကယ်(၁)စီးကိုလည်းကောင်း ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန် ဥပဒေနှင့်အညီ အရေးယူဆောင် ရွက်လျက်ရှိကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**









## ကော့သောင်းမြို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၁၈**

မူးယစ်ဆေးဝါးတားဆီး နှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင် များပါဝင်သော ပူးပေါင်းအဖွဲ့ သည် ဇူလိုင် ၁၄ ရက် မွန်းတည့် ၁၂ နာရီတွင် သက်သေများနှင့် အတူ ကော့သောင်းမြို့၊ ရွှေ ပြည်သာရပ်ကွက်၊ မြို့ပတ် (၂) လမ်းတွင် မော်တော်ယာဉ်များ အား စစ်ဆေးရှာဖွေစဉ် စောမင်း ဌေး မောင်းနှင်ပြီး မဇင်မာဖြိုး (ခ)ဘဲဥ လိုက်ပါလာသည့် မော် တော်ဆိုင်ကယ်အား ရပ်တန့် စစ်ဆေးရှာဖွေရာ ၎င်းတို့ထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၃၉၀၀ ပြားနှင့် လက်ကိုင်ဖုန်းတစ်လုံး တို့အား တွေ့ရှိသိမ်းဆည်းရမိ ခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက် အရ မွန်းလွဲ ၁နာရီ ၅ မိနစ်တွင် အဆိုပါ စိတ်ကြွရူးသွပ်ဆေးပြား များ သယ်ဆောင်ရောင်းဝယ်ရာ ၌ ပူးပေါင်းပါဝင်သူ မလှိုင်စံပါယ် (ခ)နီနီအား ၎င်းနေထိုင်သည့် ကော့သောင်းမြို့၊ ပိတောက်ရွှေဝါ ရပ်ကွက်၊ တပ်ကုန်းလမ်းရှိ နေ အိမ်တွင် လက်ကိုင်ဖုန်းတစ်လုံး နှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့ သဖြင့် စောမင်းဌေး ၂၃နှစ်၊ မဇင်မာဖြိုး(ခ)ဘဲဥ ၂၄နှစ်နှင့် မလှိုင်စံပါယ်(ခ)နီနီ ၃၃ နှစ်တို့ အား ကော့သောင်းမြို့မရဲစခန်း တွင် မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများ ဆိုင်ရာဥပဒေအရ အမှုဖွင့်အရေးယူ ထားရှိပြီး ကွင်းဆက်များ ဖော် ထုတ်လျက်ရှိသည်။**(အောက်ပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**



# ပညာသည်သာ အမြတ်ဆုံးသောရတနာ

ပညာ၏လေးနက်ပုံအကြောင်း၊ အမျိုးမျိုး ရေးဖွဲ့ကြပေသည်။ 'ပညာ'ကို မြန်မာအဘိဓာန်တွင် ခွဲခြမ်း သိမြင်နိုင်သောအရာ၊ (အတတ်)ဟု ဖော်ပြထားပါသည်။ ပညာ၏အရေးကြီးပုံကို အချို့က ပညာသည်သာ အားကိုးရာ၊ ပညာသည်သာ အားထားရာ၊ ပညာသည်သာမြတ်ရွှေအိုးဟု ကင်ပွန်းတပ်ကြပါသည်။ သို့သော် လူငယ်များအကြား 'လောကတွင် မည်သည့်အရာသည် အရေးကြီးဆုံး'ဟု မေးခွန်းထုတ်ကြည့်ပါက ပညာသည် အဆင့်(၂)နေရာသို့ ရောက်နေခဲ့ရသည်။ အရာရာမှာ ငွေရှိမှ ဖြစ်မည်။ အရာရာကို ငွေဖြင့်ဝယ်မှ ရသည်။ ငွေသာ အဓိကဖြစ်နေကြောင်း တွေ့ရသည်။ ထိုငွေသည်ပင်-အသိဉာဏ်ရှိမှ ရှာ၍ရသလို စည်းကမ်းမဲ့သုံးက ကုန်နိုင်ကြောင်း မေ့နေကြသည်။ ထို့ကြောင့် အသိဉာဏ်သည် 'ပညာ'သာ ဖြစ်ပေသည်။ ပညာသည်သာ အရာရာဆုံးဖြတ်နိုင်၍ အမှားကင်းပြီး ရတနာဖြစ်ကြောင်း မြတ်စွာဘုရားရှင်က မိန့်မှာခဲ့ပေသည်။

ဗုဒ္ဓမြတ်စွာဘုရားသည် ဇေတဝန်ကျောင်းဆောင်တွင် ခေတ္တသီတင်းသုံးတော်မူစဉ်က နတ်ပြည်မှ နတ်သားတစ်ပါး ကြွရောက်လာကာ မေးခွန်းလေးမျိုးကို မေးလျှောက်တော်မူပေသည်။ (၁) အရှင်ဘုရား အဘယ်တရားသည် အိုသည့်တိုင်အောင် ကောင်းပါသနည်း၊ (၂) အရှင်ဘုရား အဘယ်တရား တည်သည်ရှိသော် ကောင်းပါသနည်း၊ (၃) အရှင်ဘုရား အဘယ်တရားသည် လူတို့၏ ရတနာမည်ပါသနည်း၊ (၄) အရှင်ဘုရား အဘယ်တရားကို ခိုးသူတို့ မခိုးယူနိုင်ပါသနည်းဟု မေးလျှောက်သည့်အခါ၊ အို နတ်သား အကျင့်သီလသည် အိုသည့်တိုင်အောင် ကောင်း၏၊ ယုံကြည်မှု သဒ္ဓါတရားသည် တည်သည်ရှိသော် ကောင်း၏၊ 'ပညာ'သည် လူတို့၏ ရတနာမည်၏၊ ကောင်းမှုကို ခိုးသူတို့ မခိုးယူနိုင်ဟု ဖြေကြားတော်မူ၏။ ထို့ကြောင့် ပညာသည်သာ ရတနာ (သို့မဟုတ်) အမြတ်ဆုံး ဖြစ်သည်ဟု ဗုဒ္ဓကမိန့်တော်မူခဲ့ပါသည်။ မိလိန္ဒပဉှာပါဠိတော်တွင် 'သာသနာတော်၌ ပညာသည် အမြတ်ဆုံးဖြစ်၏၊ လောက၌လည်း ပညာသည် အမြတ်ဆုံး ဖြစ်၏၊ ပညာကြောင့် နိုင်ငံတော်သည် အထွတ်အထိပ်သို့ ရောက်နိုင်၏၊ ထို့မျှမက သံသရာလွတ်မြောက်ရာ နိဗ္ဗာန်သို့လည်း အရောက်ပို့နိုင်သော ယာဉ်ရထားလည်း ဖြစ်၏'ဟု ဆရာကြီး ဦးသန်းဦးကလည်း ရေးခဲ့ဖူးပါသည်။

အထူးသဖြင့် လူတစ်ယောက် အနာဂတ်သည် သူ၏အသိပညာပေါ်မှာ မူတည်နေပါသည်။ အကြင်သူသည် မိဘဘိုးဘွားများထံမှ အမွေအနှစ်များရရှိပြီး ချမ်းသာလာသော်လည်းပဲ၊ အသိဉာဏ်မရှိပါက ထိုချမ်းသာမှုသည် ပျက်စီးဆုံးရှုံးသွားနိုင်ပါသည်။ ပေါ်လွင်စေရန် (သာဓက)ပြရသော်၊ ရှေးအခါက ဗာရာဏသီပြည်တွင် ကုဋေရှစ်ဆယ်ကြွယ်ဝသော သူဌေးလင်မယားရှိလေသည်။ ထိုလင်မယားတွင် မဟာဓနသေဋ္ဌိပုတ္တမည်သော သားတစ်ယောက်ရှိ၏၊ ထိုလင်မယားသည် ၎င်းတို့သား သေဋ္ဌိပုတ္တကို ပင်ပန်းမည်စိုးသောကြောင့် ပညာမသင်ကြားစေဘဲ နေစေခဲ့၏။ ထို့ကြောင့် သားတော်မှာ အပျော်အပါးဖြင့် အချိန်ကုန်လွန်ခဲ့သည်။ ၎င်းမဟာဓနသေဋ္ဌိပုတ္တ အရွယ်ရောက်သော် မိဘများက ဗာရာဏသီပြည်တွင်းရှိ ကုဋေရှစ်ဆယ်ကြွယ်ဝသော သူဌေးတစ်ဦး၏ သမီးဖြင့် ထိမ်းမြားပေးခဲ့ပါသည်။ ထိုအမျိုးသမီးသည်လည်း ငယ်စဉ်က ပညာမသင်ခဲ့ရပေ၊ နှစ်ဖက်မိဘများသေဆုံးသောအခါ ထိုဇနီးမောင်နှံသည် ကုဋေတစ်ရာ့ရှစ်ဆယ်ပိုင်သော သူဌေးဇနီးမောင်နှံ ဖြစ်လာတော့သည်။ ထိုသူဌေးဘွဲ့ခံ မဟာဓနသေဋ္ဌိပုတ္တသည် ဗာရာဏသီမင်းထံ တစ်နေ့အခစားသုံးကြိမ်ဝင်ရသည်၊ တစ်နေ့အပြန်တွင် အပျော်အပါးမက်သူ၊ အရက်သမား အချို့ဖြင့်တွေ့ကာ ဘဝတစ်ခုလုံး ဆုံးရှုံး၍ အရက်သမားဘဝ ရောက်ခဲ့ရသည်။

နောက်ဆုံး ဇနီးမောင်နှံနှစ်ဦးသည် တောင်းစားရသောဘဝသို့ တဖြည်းဖြည်း ရောက်ခဲ့ကြပေသည်။ တစ်နေ့သောအခါ ရဟန်းတော်များ၏ အကြွင်းအကျန်များကို တောင်းစားနေကြသည့် သူဖုန်းစားဇနီးမောင်နှံကို မြတ်စွာဘုရားရှင် မြင်တော်မူသောအခါ အရှင်အာနန္ဒာအား အာနန္ဒာ … ဟိုသူဖုန်းစားဇနီးမောင်နှံကို ကြည့်လိုက်စမ်း သူတို့ဟာ အရင်က ကုဋေတစ်ရာ့ရှစ်ဆယ်ကြွယ်ဝချမ်းသာတဲ့ သူတွေပဲ ဒါပေမယ့် အခုတော့ တောင်းစားနေရတဲ့ဘဝကို ရောက်နေရှာပြီ၊ သူတို့ကား ပထမအရွယ်က ပညာသင်ခဲ့ပြီး ဥစ္စာရှာခဲ့မယ်ဆိုရင်၊ ဤမြို့မှာ ပထမတန်းစားသူဌေးဖြစ်နိုင်တယ်၊ လူ့ဘောင်မှ ရဟန်းဘောင်ဝင် ရဟန်းတရားအားထုတ်မယ်ဆိုရင် ခင်ပွန်းသည်က ရဟန္တာဖြစ်ပြီး၊ ဇနီးက အနာဂါမ် ဖြစ်နိုင်တယ် သို့မဟုတ် ဒုတိယအရွယ်မှာ ကြိုးစားပြီး ဥစ္စာရှာခဲ့မယ်ဆိုရင် ဒုတိယတန်းစား သူဌေးဖြစ်နိုင်တယ်၊ ရဟန်းဘောင်ဝင်ပြီး ရဟန်းတရားအားထုတ်မယ်ဆိုရင် ခင်ပွန်းက အနာဂါမ်ဖြစ်ပြီး ဇနီးက သကဒါဂါမ် ဖြစ်နိုင်တယ်၊ သို့မဟုတ် တတိယအရွယ်မှ ကြိုးစားပြီး လောကီအလုပ် ကြိုးစားအားထုတ်မယ်ဆိုရင် တတိယတန်းစား သူဌေးဖြစ်နိုင်တယ်၊ ရဟန်းဘောင်သို့ဝင်ပြီး ရဟန်းတရားအားထုတ်မယ်ဆိုရင် ခင်ပွန်းက သကဒါဂါမ်ဖြစ်ပြီး၊ ဇနီးသည်က သောတပန် ဖြစ်နိုင်တယ်၊ သို့သော်လည်း သူတို့ဟာ ပညာမရှာဘဲ အပျော်အပါးနှင့် အချိန်ဖြုန်းခဲ့သောကြောင့် ရှေးဘုန်းရှေးကံ ထက်မြက်သူများ ဖြစ်ပါလျက်၊ ဘာမျှ မလုပ်ခဲ့သောကြောင့် လူဘက်မှာလည်း ဆုတ်ယုတ်ရတယ်၊ ရှင်ဘက်မှာလည်း ဆုတ်ယုတ်ရတယ်။ ရေကုန်ခမ်းသော အိုင်အတွင်းက အတောင်ကျိုးသော ကြိုးကြာငှက်ကဲ့သို့ ဖြစ်ရရှာပြီ' ဟူ၍ မိန့်တော်မူပါသည်။ (ဓမ္မပဒ၊ ဇရာဝဂ် မဟာဓနသေဋ္ဌိပုတ္တ-ဝတ္ထု) ဤသာဓကကို ကြည့်ခြင်းအားဖြင့် အသိဉာဏ် ပညာမရှိပါက မည်မျှပင် ငွေကြေးချမ်းသာစေကာမူ အလွယ်တကူ ဆုံးရှုံးသွားနိုင်ကြောင်း သိရှိနိုင်ပါသည်။

သံယုတ်ပါဠိတော်၌ 'နတ္ထိပညာသမာအာဘာ (ပညာ၏ အရောင်နှင့်တူသော အလင်းရောင်သည် မရှိ)။ 'ပညာ နရာနံ ရတနံ' (အတတ်ပညာသည် လူတို့၏ ရတနာတည်း။) ဟူ၍ လာရှိပါသည်။ ဥပရိပဏ္ဏာသပါဠိတော်၌လည်း ဣဓ ဘိက္ခဝေ ပဏ္ဍိတော သုစိန္တိတစိန္တီစ ဟောတိ သုဘာသိတဘာသီစ သုကတ ကမ္မကာရီစ' (လောက၌ ပညာရှိသည် ကောင်းသောအကြံစည်ကို ကြံစည်ခြင်း၊ ကောင်းသောစကားကို ပြောဆိုခြင်း၊ ကောင်းသောအလုပ်ကို ပြုလုပ်ခြင်းဟူသော အသွင်အပြင်လက္ခဏာရှိသည်)ဟူ၍ လာရှိပါသည်။ ထို့အပြင် ရှင်မဟာရဋ္ဌသာရကလည်း ကိုးခန်းပျို့၌ ပညာရှာသင့်ကြောင်း၊ 'သကျရုပ်၊ ကြံကြံသမျှ၊ တောင့်တရာရာ၊ တတ်ကောင်းစွာသား၊ ဝိဇ္ဇာသိပ္ပ၊ လူ့ကိစ္စကို၊ ငယ်ကမသင်၊ ပျော်ပါးလွင်မူ၊ အကြင်သူအား၊ စကားချေတင်၊ သဘင်မပြဲ့၊ ခံတွင်းမဲ့သို့၊ ချို့တဲ့ပညာ၊ ညှိုးမျက်နှာနှင့်၊ ရွံ့ရှာလန့်ထိတ်၊ အသံဆိတ်၏' ဟူ၍လည်း ဆိုထားခဲ့ပါသည်။

ထို့အတူ ကျေးဇူးရှင် မန်လည်ဆရာတော်ဘုရားကြီးကလည်း မဃဒေဝလင်္ကာ၌ 'မရှိပညာ ဤလူ့ရွာ၌၊ ကျမ်းစာနီတိ၊ တတ်မသိက၊ မျက်စိစုံကန်း၊ လူဖြစ်ဆန်းမျှ၊ ပေါက်ပန်းပမာ မှတ်တို့ရာ၏'ဟူ၍ ဆိုထားပါသည်။ တစ်ဖန် ကျေးဇူးရှင် မဟာဂန္ဓာရုံ ဆရာတော်ဘုရားကြီးကလည်း 'နှုတ်ဖြင့် ပညာတတ်လျှင် သတိလည်း ထက်လာတယ်။ ပညာမတတ်ခင် ခပ်ကြမ်းကြမ်းဖြစ်ပေမယ့် ပညာတတ်လာတော့ အမြော်အမြင်ရှိလာတယ်။ လောကီကြီးပွားရေးအတွက် ပညာဟာ အဓိကပဲ၊ ပညာဆိုတာ စာပေကို ပြောတာမဟုတ်၊ သူ့အရွယ်နှင့် သူ့အသက်အလိုက် အသက်မွေးဝမ်းကျောင်းဆိုင်ရာ လက်မှုအတတ်ပညာ အားလုံးပါဝင်တယ်။ ဘာပညာပဲဖြစ်ဖြစ် ငယ်စဉ်အရွယ်ရှိစဉ်က မကြိုးစားခဲ့လျှင် ပညာတစ်ခုခုနှင့် အသက်မွေးရတော့မည်ဆိုပါတော့ ပညာရင့်ရင့် သုံးမျိုးကို ဆောင်ရင့်သလို၊ ပညာညံ့ရင် ညံ့သလို အကျိုးခံစားရမှာပဲ'ဟူ၍ မိန့်တော်မူခဲ့ပြန်ပါပေသည်။

သို့ပါ၍ ပညာဆိုသောအရာသည် သီလနှင့် သမာဓိကို ထိန်းကျောင်းနိုင်ရုံသာမက စိတ်ကို လွှမ်းမိုးချုပ်ကိုင် နိုင်ပါသည်။ ဒီကနေ့ ငွေရှိမှ ချမ်းသာမည်ဟု ယုံထားသူအားလုံး ငွေကိုပညာနှင့်ယှဉ် မသုံးတတ်(အသုံးမချ)တတ်လျှင် အချည်းအနှီး ဖြစ်တတ်ပါသည်။ ထို့အပြင် ငွေနှင့်တူသော စည်းစိမ်ဥစ္စာသည်လည်း ရန်သူမျိုးငါးပါးဒဏ်ခံရပါက ကုန်ဆုံးနိုင်ပါသည်။ ပညာနှင့်တူသော ရွှေအိုးကတော့ လူပုဂ္ဂိုလ်တစ်ဦး၏ ပိုင်ဆိုင်သော ဥစ္စာသာဖြစ်၍ မည်သူကမျှ ခိုးယူ၍မရနိုင်ပါ၊ ထို့ကြောင့် ပညာသည် လူ့ဘဝအတွက် အမြတ်ဆုံးသော ရတနာသာဖြစ်ပါသည်။ (ခု၊ ၁၊ ၂၁၉-ဣတိဝုတ်)တွင် 'ပညာဖြင့် တဏှာကိုခွင်း အလင်းရောက်စေနိုင်၏၊ မှန်ကန်စွာဆုံးဖြတ်နိုင်၏၊ ဘဝနေမှုကို ပယ်နိုင်၏၊ ထို့ကြောင့် လောကတွင် ပညာသည်သာ အမြတ်ဆုံးဖြစ်၏'ဟု ဆိုထားပေသည်ဟု ရေးသားလိုက်ရပါသည်။

**(ကိုးကား) – သာသနာရောင်ခြည်-**
**၂၀၀၅/အတွဲ၂၅**
**သာသနာရေးဦးစီးဌာန**

**အိုးဝေ(မြေနီကျင်း)**

**အကျင့်သီလသည် အိုသည့်တိုင်အောင် ကောင်း၏၊ ယုံကြည်မှု သဒ္ဓါတရားသည် တည်သည်ရှိသော် ကောင်း၏၊ 'ပညာ'သည် လူတို့၏ ရတနာမည်၏၊ ကောင်းမှုကို ခိုးသူတို့ မခိုးယူနိုင် . . .**

## စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲ၊ စာအုပ်ပြပွဲနှင့် နံရံကပ်စာစောင်ပြပွဲကျင်းပ

**မန္တလေး ဇူလိုင် ၁၈**

မန္တလေး၊ မဟာအောင်မြေမြို့နယ် အမှတ်(၁၂)အခြေခံပညာ အထက်တန်းကျောင်းခွဲ၌ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့်မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနတို့ ပူးပေါင်း၍ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲ၊ စာအုပ်ပြပွဲ၊ နံရံကပ်စာစောင်ပြပွဲကို ဇူလိုင် ၁၆ ရက် နံနက်ပိုင်းက ဆောင်ရွက်ခဲ့သည်။

ရှေးဦးစွာ အမှတ်(၁၂)အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယဦးစီးမှူးက လူငယ်နှင့်အားကစားအကြောင်း သိကောင်းစရာများကို ဟောပြောသည်။

ဆက်လက်၍ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးမြင့်သိန်းစိုးက ကျောင်းသား၊ ကျောင်းသူများအား စာပေနှင့်ပတ်သက်၍ ပြောကြားရာတွင် ကျောင်းသား၊ ကျောင်းသူများဗလငါးတန်နှင့် ပြည့်စုံစေရန်၊ အားလပ်တဲ့အချိန်မှာ စာပေတွေကိုလေ့လာစေလိုကြောင်း၊ ပညာလို အိုသည်မရှိ ပညာတတ်မြောက်မှသာ အမှားအမှန်ဝေဖန်နိုင်မည်ဖြစ်ကြောင်း၊ စာကိုကြိုးစားသင်ယူသင့်ကြောင်း၊ အကောင်း အဆိုးခွဲခြားတတ်စေရန် အခြားသောပြင်ပဗဟုသုတများကိုလည်း ရှာဖွေသင့်ကြောင်း၊ စာအုပ်စာပေများသည် မည်မျှပင်ဟောင်းနွမ်းစေကာမူ ပညာဗဟုသုတများစွာရရှိနိုင်သည့်အတွက် လေ့လာဖတ်ရှုကြရန်နှင့် စာဖတ်ခြင်း၏ အကျိုးကျေးဇူးကို ဟောပြောခဲ့သည်။

ထို့နောက် မြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယဦးစီးမှူးက အားကစားပစ္စည်းများကိုလည်းကောင်း၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမြင့်သိန်းစိုးက ကျောင်းစာကြည့်တိုက်အတွက် ဂျာနယ်စာစောင်များကိုလည်းကောင်း လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီးက လက်ခံရယူခဲ့သည်။

ဆက်လက်၍ ကျောင်းသား၊ ကျောင်းသူ၊ လူငယ်၊ လူရွယ်များက ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် စာအုပ်စာစောင်များနှင့် နံရံကပ်စာစောင်များအား စိတ်ပါဝင်စားစွာ ကြည့်ရှုခဲ့ကြောင်း သိရသည်။ **(အောက်ပုံ) (ဝ၅၆)**






## စပါးအသင်းက ဟတ်စ်အသင်းအား ငါးဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိ

**လန်ဒန် ဇူလိုင် ၁၈**

ရာသီကြိုခြေစမ်းပွဲစဉ်အဖြစ် ယနေ့ နံနက်ပိုင်းက စပါးအသင်းနှင့် ဟတ်စ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ စပါးအသင်းက ဟတ်စ်အသင်းအား ငါးဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

စပါးအသင်းအတွက် သွင်းဂိုး ငါးဂိုးကို ပွဲချိန် ၃၉မိနစ်တွင် ဂျွန်ဆင်၊ ပွဲချိန် ၅၅မိနစ်တွင် လန့်ရှာခ်၊ ပွဲချိန် ၆၆မိနစ်တွင် မိုရီ၊ ပွဲချိန် ၇၂မိနစ်တွင် ဒီဂျက်ခ်၊ ပွဲချိန် ၈၅မိနစ်တွင် ဖီးလစ်တို့က အသီးသီး သွင်းယူပေးခဲ့သည်။

စပါးအသင်းသည် ရာသီကြိုခြေစမ်းပွဲစဉ်အဖြစ် လာမည့် ဇူလိုင် ၂၀ရက်တွင် ကျူပီအာအသင်းနှင့် ထပ်မံယှဉ်ပြိုင်ကစားသွားရမည် ဖြစ်သည်။



**(အပေါ်ပုံ)** (NGB)

## မက်သရူးရိုင်ယန်အား ရိုးမားအသင်း ခေါ်ယူ



ရိုးမားအသင်းသည် AZအယ်ခမာအသင်း ဂိုးသမား မက်သရူးရိုင်ယန်အား ၂ နှစ်စာချုပ်ဖြင့် ခေါ်ယူခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ ဂိုးသမားသည် AZ အယ်ခမာအသင်းနှင့်အတူ ပြီးခဲ့သည့် ဘောလုံးရာသီက ပြိုင်ပွဲစုံ ၃၈ပွဲကစားပြီး အကောင်းဆုံး လက်စွမ်းပြထားနိုင်ခဲ့ခြင်းကြောင့် ရိုးမားအသင်းက ခေါ်ယူခဲ့ခြင်း ဖြစ်သည်။

ရိုးမားအသင်းထုတ်ပြန်ချက်တွင် ဂိုးသမား မက်သရူးရိုင်ယန်အား ခေါ်ယူခဲ့ပါပြီ။ "သူ့အနေနဲ့လည်းအသင်းကို များစွာပံ့ပိုးကူညီနိုင်လိမ့်မယ်လို့ ယုံကြည်ပါတယ်။အသင်းအနေနဲ့လည်း လက်ရှိဈေးကွက်အတွင်း ကစားသမားသစ်တွေ ခေါ်ယူအားဖြည့်သွားဦးမှာပါ" ဟု ထုတ်ပြန်သည်။

**(အပေါ်ဝဲပုံ)** (NGB)

## မာ့ခ်ဂူဟီအား ခေါ်ယူရန် လီဗာပူးအသင်း စီစဉ်

**လီဗာပူး ဇူလိုင် ၁၈**

လီဗာပူးအသင်းသည် ခရစ္စတယ်ပဲလေ့စ်အသင်း နောက်ခံကစားသမား မာ့ခ်ဂူဟီအား ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

အသက် ၂၄နှစ်အရွယ်ရှိ မာ့ခ်ဂူဟီသည် ခရစ္စတယ်ပဲလေ့စ်အသင်းနှင့်အတူ ၂၀၂၁-၂၀၂၂မှ ၂၀၂၃-၂၀၂၄ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၁၁ပွဲကစားပြီး ၅ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် လီဗာပူးအသင်းက ခေါ်ယူရန် စီစဉ်လာခြင်းဖြစ်သည်။

ခရစ္စတယ်ပဲလေ့စ်အသင်းကလည်း မာ့ခ်ဂူဟီအတွက် မြင့်မားသည့် ပြောင်းရွှေ့ကြေးတစ်ရပ် ရရှိပါက ရောင်းချသွားဖွယ်ရှိသည်။



ထို့ကြောင့် လီဗာပူးအသင်း အနေဖြင့် လက်ရှိဈေးကွက်အတွင်းတွင် ခရစ္စတယ်ပဲလေ့စ်အသင်းထံမှ မာ့ခ်ဂူဟီအား ရရှိအောင် ခေါ်ယူနိုင်မည်လား ဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။

**(အပေါ်ပုံ)** (NGB)




## 2024 Hamburg Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်သို့ Pedro Martinez တက်ရောက်

**ဟမ်းဘတ် ဇူလိုင် ၁၈**

ဂျာမနီနိုင်ငံတွင် ကျင်းပလျက်ရှိသော အမျိုးသားတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2024 Hamburg Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်သို့ စပိန်တင်းနစ်ကစားသမား Pedro Martinez တက်ရောက်ခဲ့သည်။

အဆိုပါ စပိန်တင်းနစ်ကစားသမား Pedro Martinez သည် 2024 Hamburg Open တင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့်တွင် ပြင်သစ်တင်းနစ်ကစားသမား Ugo Blanchet အား ၆-၄၊ ၀-၆၊ ၇-၅ဖြင့် အနိုင်ရရှိကာ ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့သည်။

2024 Hamburg Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်တွင် စပိန်တင်းနစ်ကစားသမား Pedro Martinez နှင့် အာဂျင်တီးနားတင်းနစ်ကစားသမား Francisco Cerundolo တို့ ယှဉ်ပြိုင်ကစားသွားမည် ဖြစ်သည်။ **(အပေါ်ပုံ)**(NGB)

## အော်လ်မိုအား ခေါ်ယူရန် ဘိုင်ယန်မြူးနစ်အသင်း စိတ်ဝင်စား

**မြူးနစ် ဇူလိုင် ၁၈**

ဘိုင်ယန်မြူးနစ်အသင်းသည် လိုက်ပဇစ်အသင်း ကွင်းလယ်တိုက်စစ်ကစားသမား အော်လ်မိုအား ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

အသက် ၂၆နှစ်အရွယ်ရှိ ကွင်းလယ်တိုက်စစ်ကစားသမားသည် လိုက်ပဇစ်အသင်းနှင့်အတူ ၂၀၁၉-၂၀၂၀မှ ၂၀၂၃-၂၀၂၄ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၄၈ ပွဲကစားပြီး ၂၉ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဘိုင်ယန်မြူးနစ်အသင်းက ခေါ်ယူရန် စိတ်ဝင်စားလာခြင်းဖြစ်သည်။

ကွင်းလယ်တိုက်စစ်ကစားသမား အော်လ်မိုကလည်း လိုက်ပဇစ်အသင်းမှ ထွက်ခွာသွားဖွယ်ရှိကြောင်း ပြောကြားထားသည်။

ထို့ကြောင့် ဘိုင်ယန်မြူးနစ်အသင်းအနေဖြင့် လက်ရှိဈေးကွက်အတွင်းတွင် လိုက်ပဇစ်အသင်းထံမှ အော်လ်မိုအား ရရှိအောင် ခေါ်ယူနိုင်မည်လားဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။

**(အပေါ်ယာပုံ)** (NGB)

## မိုဒရစ် ရီးရဲလ်မက်ဒရစ်အသင်းနှင့် သက်တမ်းတိုးစာချုပ် ချုပ်ဆို

**မက်ဒရစ် ဇူလိုင် ၁၈**

ရီးရဲလ်မက်ဒရစ်အသင်းသည် အသင်း ဝါရင့်ကွင်းလယ်ကစားသမား မိုဒရစ်အား ၂၀၂၅ ခုနှစ်အထိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့သည်။

အဆိုပါ ဝါရင့်ကွင်းလယ်ကစားသမားသည် ရီးရဲလ်မက်ဒရစ်အသင်းနှင့်အတူ ၂၀၁၂-၂၀၁၃မှ ၂၀၂၃-၂၀၂၄ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၅၃၄ ပွဲကစားကာ ၃၉ ဂိုး သွင်းယူပြီး ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အသင်းက သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ခြင်း ဖြစ်သည်။

အသက် ၃၈ နှစ်အရွယ်ရှိ မိုဒရစ်က "ကျွန်တော် အသင်းနဲ့ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ပါပြီ။ ဒီအသင်းနဲ့အတူ လာမည့် ဘောလုံးရာသီမှာလည်း အောင်မြင်မှုတွေ ရယူသွားလိုပါတယ်။ ကစားသမားဘဝကိုလည်း ဒီအသင်းမှာပဲ ကုန်ဆုံးသွားမှာပါ" ဟု ပြောသည်။

**(အောက်ပုံ)** (NGB)




## စိန့်မက်ဆီမန်အား အငှားစာချုပ်ဖြင့် ဖီနာဘာချီအသင်း ခေါ်ယူ

**လန်ဒန် ဇူလိုင် ၁၈**

တူရကီထိပ်သီးကလပ် ဖီနာဘာချီအသင်းသည် အယ်လ်အာလီအသင်း တောင်ပံကစားသမား စိန့်မက်ဆီမန်အား တစ်ရာသီ အငှားစာချုပ်ဖြင့် ခေါ်ယူခဲ့သည်။



အသက် ၂၇နှစ်အရွယ်ရှိ တောင်ပံကစားသမားသည် အယ်လ်အာလီအသင်းနှင့်အတူ ပြီးခဲ့သည့် ဘောလုံးရာသီက ပြိုင်ပွဲစုံ ၃၁ပွဲ ကစားပြီး ၄ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဖီနာဘာချီအသင်းက အငှားဖြင့် ခေါ်ယူခဲ့ခြင်းဖြစ်သည်။

ဖီနာဘာချီအသင်းထုတ်ပြန်ချက်တွင် "စိန့်မက်ဆီမန်အား အငှားစာချုပ်ဖြင့် ခေါ်ယူခဲ့ပါပြီ။ အသင်းအနေနဲ့လည်း လက်ရှိဈေးကွက်အတွင်း ကစားသမားသစ်တွေ ခေါ်ယူအားဖြည့်သွားဦးမှာပါ" ဟု ထုတ်ပြန်သည်။**(အပေါ်ပုံ)**(NGB)



### အာဆီယံ(ယူ-၁၉)ချန်ပီယံရှစ် ဘောလုံးပြိုင်ပွဲ (အုပ်စု-ဂ)ပွဲစဉ်များ — နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် |
|---|---|---|
| ၁၉-၇-၂၀၂၄ သောကြာနေ့ | မွန်းလွဲ ၂း၃၀နာရီ | မလေးရှား - ဘရူနိုင်း |
| ။ | ညရ:၀၀နာရီ | ထိုင်း - စင်္ကာပူ |

### ၂၀၂၄ မြန်မာနေရှင်နယ်လိဂ် အမှတ်ပေးဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၃) ဇယား — နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန်/နေရာ | ပွဲစဉ်/(ပွဲစဉ် - ၁/၂ ရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|---|
| ၁၉-၇-၂၀၂၄ သောကြာနေ့ | ညနေ ၄း၀၀ နာရီ (သုဝဏ္ဏကွင်း) | (၆)ဒဂုံစတား - အားကာ/သိပ္ပံ(၅) (W,L) - (L,W) | ဒဂုံစတား ၂-၃ အားကာ/သိပ္ပံ အားကာ/သိပ္ပံ ၀-၁ ဒဂုံစတား |

**ဘောလုံး သတင်း အတို အထွာများ**

* ရာသီကြိုခြေစမ်းပွဲစဉ်အဖြစ် အင်တာမီလန်အသင်းနှင့် Luganoအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အင်တာမီလန်အသင်းက Luganoအသင်းအား သုံးဂိုး၊ နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

* အစ်ဗ့စ်ချ်အသင်းသည် ဘန်လေအသင်း ဂိုးသမား မူရစ်အား စတာလင်ပေါင် ၁၅သန်းဖြင့် ၂နှစ်စာချုပ်ချုပ်ဆိုကာ ခေါ်ယူခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

* လီဗာပူးအသင်းသည် ဟိုင်တင်ဂါအား လက်ထောက်နည်းပြအဖြစ် ခန့်အပ်ခဲ့သည်။ (NGB)



# အကူသူနာပြု(ပြင်ပ) ၉ လ သင်တန်းဖွင့်ပွဲအခမ်းအနား ကျင်းပ

**ညောင်ဦး ဇူလိုင် ၁၈**

ကျန်းမာရေးဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာန၊ ညောင်ဦးခရိုင် ခုတင် ၂၀၀ ဆံ့ ပြည်သူ့ဆေးရုံကြီး၌ ဇူလိုင် ၁၇ ရက် နံနက် ၉ နာရီက အကူသူနာပြု(ပြင်ပ) ၉ လ သင်တန်းဖွင့်ပွဲ အခမ်းအနား ကျင်းပခဲ့သည်။

ဖွင့်ပွဲအခမ်းအနားတွင် ညောင်ဦး ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစောထွန်းဝင်းက အဖွင့်အမှာစကားပြောကြားပြီး ညောင်ဦး ခရိုင် ခုတင် ၂၀၀ ဆံ့ ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာအောင်မြင့်ထွန်းက အကူသူနာပြု(ပြင်ပ) ၉လ သင်တန်းဖွင့်လှစ်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

(၄စ၁)

*—*—*—*—*

# အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းတွင် လူငယ်စကားဝိုင်း ကျင်းပ

**တောင်တွင်းကြီး ဇူလိုင် ၁၈**

ကျောင်းသား၊ ကျောင်းသူ လူငယ်များ အသိပညာဗဟုသုတ ကြွယ်ဝစေပြီး ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ဆွေးနွေးပွဲများတွင် ပါဝင်တတ်စေရန် ရည်ရွယ်၍ မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ တောင်တွင်းကြီးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ လူငယ်စကားဝိုင်းဆွေးနွေးပွဲကို ဇူလိုင် ၁၇ ရက် နံနက် ၁၀ နာရီက အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ပေလေးပင်ဘက်စုံသုံးခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ တောင်တွင်းကြီးမြို့နယ် အခြေခံပညာဦးစီးဌာနမှ မြို့နယ်ပညာရေးမှူး ဒေါ်လှလှဝင်း၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ်ဦးစီးအရာရှိ ဒေါ်အေးမိုးမိုးမြင့်တို့က ဦးဆောင်ဆွေးနွေးသူအဖြစ် ဆောင်ရွက်ကာ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း(Grade-11) ကျောင်းသား၊ ကျောင်းသူများက လူငယ်နှင့်ပညာရေး၊ လူငယ်နှင့်စာဖတ်ခြင်း၊ လူငယ်နှင့်ပေါင်းသင်းဆက်ဆံရေး၊ လူငယ်နှင့်နည်းပညာ၊ လူငယ်နှင့်အားကစား၊ လူငယ်နှင့်ကျန်းမာရေး၊ လူငယ်နှင့်မူးယစ်ဆေးဝါး ခေါင်းစဉ်များဖြင့် ဆွေးနွေးခဲ့ပြီး တက်ရောက်လာသည့် ကျောင်းသား၊ ကျောင်းသူများက မိမိတို့သိရှိလိုသည့်အကြောင်းအရာများကိုမေးမြန်းခဲ့ကြကာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့သည်။

ဆက်လက်၍ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် လူငယ်ရေးရာအသိပညာပေး နံရံကပ်စာစောင်များကို တက်ရောက်လာသည့် ကျောင်းသား၊ ကျောင်းသူများက စိတ်ဝင်တစား လေ့လာကြည့်ရှုခဲ့ပြီး အဆိုပါစကားဝိုင်းသို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၂၀၀ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

မြို့နယ်(ပြန်/ဆက်)




# မန္တလေးတက္ကသိုလ်၌ (၇၇)နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ်အကြို ဟောပြောပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

**မန္တလေး ဇူလိုင် ၁၈**

မန္တလေးတက္ကသိုလ်၌ (၇၇) နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ်အကြို ဟောပြောပွဲနှင့် ဆုချီးမြှင့်ပွဲကို ယမန်နေ့ ညနေပိုင်းက အင်း၀ ၉ ခန်းမ၌ ဆောင်ရွက်ခဲ့သည်။



ရှေးဦးစွာ (၇၇)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ်အကြို ဟောပြောပွဲတွင် မန္တလေးတက္ကသိုလ်သမိုင်းဌာနမှ ပါမောက္ခ (ဌာနမှူး)ဒေါက်တာကျော်ဆွေညွန့်က အာဇာနည်နှင့်ပတ်သက်၍ 'အာဇာနည်တွေကို ဘယ်လိုကျေးဇူးဆပ်မလဲ' ခေါင်းစဉ်ဖြင့် ပြောကြားရာတွင် မြန်မာနိုင်ငံလွတ်လပ်ရေးရအောင်ကြိုးပမ်းဆောင်ရွက်ခဲ့သော အာဇာနည်ခေါင်းဆောင်ကြီးများကို အစဉ်မမေ့အပ်သင့်ကြောင်း၊ လွတ်လပ်ရေး၏အရသာကို အစဉ်ထိန်းသိမ်းစောင့်ရှောက်သင့်ကြောင်း စသည်များပြောကြားခဲ့သည်။

ဆက်လက်၍ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး အသိပညာပေး စာစီစာကုံး၊ ကဗျာ၊ ဆောင်းပါးပြိုင်ပွဲများမှ ဆုရရှိသူများနှင့် (၇၇)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ်စာစီစာကုံး၊ ကဗျာ၊ ဆောင်းပါးပြိုင်ပွဲများမှ ဆုရရှိသူများအား မန္တလေးတက္ကသိုလ် ဒုတိယပါမောက္ခချုပ်များက ဆုများအသီးသီးချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

(၀၅၆)



# ကျေးလက်နေမိသားစုဝင်ငွေတိုးရေးစီမံကိန်း စားသောက်ကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းများ ဖွင့်လှစ်

**မန္တလေး ဇူလိုင် ၁၈**

မန္တလေးတိုင်းဒေသကြီး၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနအနေဖြင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် တိုင်းဒေသကြီးဘဏ္ဍာရန်ပုံငွေဖြင့် အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးနိုင်ရေးနှင့် ကျေးလက်နေ မိသားစုဝင်ငွေတိုးရေးစီမံကိန်းကို ညောင်ဦးမြို့နယ်၊ တောင်ဇင်းကျေးရွာအုပ်စုတွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

အဆိုပါစီမံကိန်းတွင်ဒေသခံပြည်သူများအား ဇူလိုင် ၁၅ ရက်မှ ၂၁ ရက်အထိ ပထမအကြိမ်၊ ဇူလိုင် ၂၉ရက်မှ ဩဂုတ် ၄ ရက်အထိ ဒုတိယအကြိမ် တန်ဖိုးမြင့်စားသောက်ကုန်ထုတ်လုပ်မှုနည်းပညာများဖြစ်သည့် ကွတ်ကီးပြုလုပ်နည်း၊ ပေါင်မုန့်ပြုလုပ်နည်း၊ ကိတ်မုန့်၊ ဒိုးနပ်၊ ချောကလက်၊ ကုလားပဲချောင်း၊ မန်ကျည်းတော်ဖီ၊ အာလူးကြော်ပြုလုပ်နည်းများကို အဆင့်မီဈေးကွက်ဝင်ထုတ်ကုန်များ ထုတ်လုပ်တတ်စေရန် သင်ကြားပေးသွားမည်ဖြစ်ပြီး သင်တန်းပြီးမြောက်ပါက လုပ်ငန်းထူထောင်လိုသူ ၅ ဦးကို တစ်ဦးလျှင် ငွေကျပ် ၁၄ သိန်းစီ ထောက်ပံ့ပေးအပ်သွားမည် ဖြစ်သည်။

ဝင်ငွေတိုးစီမံကိန်းဆောင်ရွက်သော ကျေးရွာများတွင် စီမံကိန်းလုပ်ငန်း တစ်ခုလျှင် အသေးစားကုန်ထုတ်လုပ်ငန်းရှင် ၅ ဦး ပေါ်ထွန်းလာမည်ဖြစ်ကြောင်း သိရသည်။

(အပေါ်ပုံ)(၀၄၅)

# ဇီဝဆိုင်ရာအချက်အလက် ကောက်ယူခြင်းနှင့် Unique ID ထုတ်ပေးခြင်းလုပ်ငန်းများကွင်းဆင်း ဆောင်ရွက်ပေးလျက်ရှိ

**မန္တလေး ဇူလိုင် ၁၈**

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၌ ပြည်သူများ၏ လူမှုစီးပွားရေးဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်ရာတွင် ပိုမိုလွယ်ကူမြန်ဆန်လာစေရန်၊ မြန်မာနိုင်ငံအတွင်းနေထိုင်သူများကို စိစစ်နိုင်သည့် တစ်ခုတည်းသော နံပါတ် Unique ID ထုတ်ပေးရန်နှင့် Online စနစ်ဖြင့် ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်နေသည့် အစိုးရနှင့်ပုဂ္ဂလိကအဖွဲ့အစည်းများအတွက် မည်သူမည်ဝါဖြစ်ကြောင်း စစ်ဆေးနိုင်မည့် အခြေခံစနစ် တည်ဆောက်ရန်ရည်ရွယ်၍ ဇီဝဆိုင်ရာ အချက်အလက်ကောက်ယူခြင်းနှင့် Unique ID ထုတ်ပေးခြင်းလုပ်ငန်းများဆောင်ရွက်ခြင်းကို ၂၀၂၃ ခုနှစ် ဇွန် ၂၆ ရက်မှ စတင်ကာ ဆောင်ရွက်ပေးလျက်ရှိသည်။

ယနေ့ နံနက် ၉ နာရီက အမရပူရမြို့နယ်၊ နတ်ရေကန်ကျေးရွာအနီးရှိ မန္တလာတက္ကသိုလ်တွင် တက္ကသိုလ်ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများနှင့်တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများကို အဆိုပါတက္ကသိုလ်၊ ဘွဲ့နှင်းသဘင်ခန်းမ၌ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည်။

ထိုသို့ ဆောင်ရွက်ခြင်းကို အမရပူရမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊ မြို့နယ်ဦးစီးမှူး၊ ဦးစီးအရာရှိ ဦးတင်ကိုကိုဝင်း၏ ကြီးကြပ်မှုဖြင့် ဝန်ထမ်းများက နိုင်ငံသားစိစစ်ရေးကတ် ယူဆောင်လာစေပြီး ဇီဝဆိုင်ရာ အချက်အလက် စိစစ်ကောက်ယူ၍ Database တွင် သိမ်းဆည်း၍ မတူညီသော ဂဏန်း ၁၀ လုံးပါဝင်သည့် Unique ID နံပါတ်ကတ်များကို နေ့ချင်းပြီး ထုတ်ပေးလျက်ရှိသည်။

အဆိုပါ ဇီဝဆိုင်ရာအချက်အလက်ကောက်ယူခြင်းနှင့် Unique ID ထုတ်ပေးခြင်းလုပ်ငန်းများကိုဌာနဆိုင်ရာများ၊ တက္ကသိုလ်များ၊ ကျေးရွာ၊ ရပ်ကွက်များတွင် ကွင်းဆင်းဆောင်ရွက်ပေးသည့်အပြင် မိမိတို့ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနမြို့နယ်ရုံး၌လည်း နေ့စဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း ဦးစီးအရာရှိထံက သိရသည်။

(အောက်ပုံ)

စိုးသီဟ(အမရ)



## ပညာရေးဝန်ကြီးဌာနကိုယ်စားပြု ပိုက်ကျော်ခြင်း(အမျိုးသား)အသင်း ရွေးချယ်ရေးယှဉ်ပြိုင်မည့် အားကစားအဖွဲ့အား အောင်နိုင်ရေးအလံပေးအပ်



**တောင်ကြီး ဇူလိုင် ၁၈**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့ မင်္ဂလာဦးရပ်ကွက်ရှိ တောင်ကြီးပညာရေးကောလိပ်၊ အားကစားခန်းမ၌ ယမန်နေ့ ညနေ ၃ နာရီက အမျိုးသားအားကစားပွဲတော်၊ ပညာရေးဝန်ကြီးဌာနကိုယ်စားပြု ပိုက်ကျော်ခြင်း(အမျိုးသား)အသင်း၊ လက်ရွေးစင်အားကစားသမားများ ရွေးချယ်ရာတွင် ပါဝင်ယှဉ်ပြိုင်မည့် အားကစားအဖွဲ့အား အောင်နိုင်ရေးအလံပေးအပ်ပွဲ အခမ်းအနား ကျင်းပသည်။

ရှေးဦးစွာ အားကစားနှင့်ကာယပညာဦးစီးဌာနရှိ အားကစားပညာရှင်များနှင့် ပိုက်ကျော်ခြင်း(လေးယောက်တွဲ)ချစ်ကြည်ရေးကစားကြသည်။

ထို့နောက် ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က အမှာစကားပြောကြားရာတွင် ၂၀၂၄ ခုနှစ်၊ ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော်ကို ဒီဇင်ဘာလတွင် ကျင်းပမှာဖြစ်ပြီး ပညာရေးဝန်ကြီးဌာနကိုယ်စားပြု ပိုက်ကျော်ခြင်း(အမျိုးသား) အသင်းအား ဆရာအတတ်ပညာဦးစီးဌာနကတာဝန်ယူ၍ အဆင့်အတန်းမီစွာ ပါဝင်ယှဉ်ပြိုင်နိုင်ရေး ဆောင်ရွက်သွားရန် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံးက ညွှန်ကြားသည့်အတွက် ဆရာအတတ်ပညာဦးစီးဌာနက လက်ရွေးစင်ကစားသမားများ ရွေးချယ်ရမှာ ဖြစ်ပါတယ်။ ရွေးချယ်ရေးအစီအစဉ်များကို တောင်ကြီးပညာရေးဒီဂရီကောလိပ်တွင် ဇူလိုင် ၂၀ ရက်မှစတင်ပြီး ၃၁ ရက်ထိ ပညာရေးဒီဂရီကောလိပ် ၂၅ ကျောင်းရှိ အားကစားသမားများက ပိုက်ကျော်ခြင်း ၂ ယောက်တွဲ၊ ၃ ယောက်တွဲ၊ ၄ ယောက်တွဲ ပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်စေမှာဖြစ်ပါကြောင်း၊ ဒီပွဲတွေမှာ လက်ရွေးစင်အားကစားသမားများ ရွေးချယ်မှာဖြစ်တဲ့အတွက် အားကစားသမားစိတ်ဓာတ် ပြည့်ဝစွာနဲ့ ပါဝင်ယှဉ်ပြိုင်ကြရမှာ ဖြစ်ပါတယ်။ နိုင်ငံအတွက်လိုအပ်သော ပညာအခြေပြု လူ့စွမ်းအားအရင်းအမြစ်များစွာကို မွေးထုတ်ပေးနိုင်ရန် အဓိကအခန်းကဏ္ဍမှ တာဝန်ယူရမည့် ဆရာ၊ ဆရာမများမှာ ဆရာအတတ်ပညာအရည်အသွေးပြည့်ဝကျွမ်းကျင်မှုတင်မက ကျန်းမာကြံ့ခိုင် ဣစိတ်ဓာတ်နှင့်စာရိတ္တကောင်းမွန်ပြီး အားကစားအပါအဝင် ဘက်စုံထူးချွန်ရမှာ ဖြစ်ပါကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

ဆက်လက်၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်ဝန်ကြီးချုပ်က အောင်နိုင်ရေး အလံပေးအပ်ရာ အားကစားအဖွဲ့မှ လက်ခံရယူပြီး ပြည်နယ်အားကစားနှင့်ကာယပညာဦးစီးဌာနမှ ကူညီသင်ကြားပေးသော အားကစားနည်းပြများကို လက်ဆောင်ပေးအပ်သည်။

ထို့နောက် ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်ဝန်ကြီးချုပ်က ပြိုင်ပွဲဝင်အားကစားသမားများအတွက်ထောက်ပံ့ငွေ ပေးအပ်ပြီး ပြိုင်ပွဲ ဝင်အားကစားသမားများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်အားပေးခဲ့ကြောင်း သိရသည်။ **(အပေါ်ဝဲပုံ)(၃၆၈)**

## နေပြည်တော်တွင်သွားလာမှုအဆင်ပြေစေရေး တော်ဝင်ယာဉ်လိုင်းမှ လမ်းကြောင်း(၄)ခု ပြေးဆွဲ




**နေပြည်တော် ဇူလိုင် ၁၈**

နေပြည်တော်တွင် ပြည်သူများမာရဝိဇယဘုရားသို့ လွယ်ကူစွာသွားရောက်ဖူးမြော်နိုင်ရေးနှင့် ကျောင်းသား၊ ကျောင်းသူများ တက္ကသိုလ်များသို့ သွားရောက်နိုင်ရေးအတွက် ဇူလိုင်ဒုတိယပတ်မှစတင်ပြီး တော်ဝင်မော်တော်ယာဉ်လိုင်းမှ လိုင်းကြောင်း ၄ ခု စတင်ပြေးဆွဲပေးလျက်ရှိသည်။

လမ်းကြောင်း(၁) ဇမ္ဗူသီရိလမ်းကြောင်းတွင် ဘောဂသီရိယာဉ်ရပ်နားစခန်းမှ နှင်းဆီပန်းအဝိုင်း၊ ရွှေညောင်ပင်-နေပြည်တော်ကောင်စီ၊ စည်ပင်ဧည့်ရိပ်သာ-သပြေကုန်းဈေး၊ပရဆေးဥယျာဉ်-ဓာတုဇယဘုရား၊ နည်းပညာတက္ကသိုလ်-မာရဝိဇယဘုရား၊ ဘိုးဘွားရိပ်သာ-ဉာဏသိဒ္ဓိရပ်ကွက်၊ Naypyitaw State-Academy - ဝဏ္ဏသိဒ္ဓိရပ်ကွက်-သုခတော်ဝင်အိမ်ရာ မြို့မဈေးတို့ဖြစ်ပြီး ခရီးစဉ်စဆုံး ငွေကျပ် ၂၀၀၀ သတ်မှတ်ထားသည်။လမ်းကြောင်း(၂)လယ်ဝေးလမ်းကြောင်းတွင် လယ်ဝေးမြို့ဈေးမှ လယ်ဝေးအားကစားကွင်း၊ ရွှေအင်ကြင်းရပ်ကွက်-ဒက္ခိဏသီရိဈေး၊ ကံ့ကော်ပန်းအဝိုင်း Excel Capital၊ တံ့ဂပူရိလမ်းဆုံ-JunctionCenter၊ အဆင့်မြင့်ဈေးနည်းပညာတက္ကသိုလ်၊ မာရဝိဇယဘုရား၊ ဘိုးဘွားရိပ်သာ၊ ဉာဏသိဒ္ဓိရပ်ကွက်၊ Naypyitaw State Academy တို့ဖြစ်ပြီး ယာဉ်စီးခမှာ ခရီးစဉ်စဆုံး ငွေကျပ် ၁၅၀၀ သတ်မှတ်ထားသည်။

လမ်းကြောင်း(၃)ပုဗ္ဗသီရိ ရန်ကုန်-မန္တလေးလမ်းဟောင်းလမ်းကြောင်းတွင် သိုက်ချောင်းလမ်းဆုံမှ တိရစ္ဆာန်ဥယျာဉ်၊ ရေဆင်းကျေးရွာ-ပင်လောင်းလမ်းဆုံ၊လျှပ်စစ်လမ်းခွဲ-ကျောက်ချက်-နှင်းဆီပန်းအဝိုင်း၊ ရွှေညောင်ပင်-နေပြည်တော်ကောင်စီ၊ ဇမ္ဗူသီရိဆေးရုံ-စည်ပင်ဧည့်ရိပ်သာ၊ သပြေကုန်း-ပရဆေးဥယျာဉ်၊ မြို့မဈေး-သုခတော်ဝင်အိမ်ရာ-ဝဏ္ဏသိဒ္ဓိရပ်ကွက်၊ Naypyitaw State Academy၊ ဉာဏသိဒ္ဓိရပ်ကွက်-မာရဝိဇယဘုရား-နည်းပညာတက္ကသိုလ်တို့ဖြစ်ပြီး ယာဉ်စီးခမှာ ခရီးစဉ်စဆုံး ငွေကျပ် ၂၀၀၀ သတ်မှတ်ထားသည်။ လမ်းကြောင်း(၄)ပုဗ္ဗသီရိလမ်းကြောင်းမှာ သိုက်ချောင်းလမ်းဆုံခုတင် ၃၀၀ ဆေးရုံ၊ ကျည်တောင်ကန်လမ်းဆုံ၊ နေပြည်တော်တူတာကြီး Polytechnic University အင်ကြင်းပန်းအဝိုင်း-မန္တလေးလမ်း၊ ကုမုဒြာကြာပန်းအဝိုင်း-စည်ပင်အိမ်ရာ-သပြေကုန်း-ပရဆေးယျာဉ်-မြို့မဈေး-သုခတော်ဝင်-ဝဏ္ဏသိဒ္ဓိရပ်ကွက်-NaypyitawnStaten Aca-demy ဉာဏသိဒ္ဓိရပ်ကွက် မာရဝိဇယဘုရား - နည်းပညာတက္ကသိုလ်သို့ ပြေးဆွဲပြီးယာဉ်စီးခ ငွေကျပ် ၂၀၀၀ သတ်မှတ်ထားသည်။ **(အပေါ်ပုံ)(ဝ၄၅)**

## ကော်ဖီသီးနှံတိုးချဲ့စိုက်ပျိုးရေးအတွက် ကော်ဖီပျိုးပင်များ ထောက်ပံ့ပေးအပ်



**စေတုတ္တရာ ဇူလိုင် ၁၈**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ စေတုတ္တရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ၂၀၂၄-၂၀၂၅ ခုနှစ် ကော်ဖီသီးနှံတိုးချဲ့စိုက်ပျိုးရေးအတွက် ကော်ဖီပျိုးပင်များ အခမဲ့ထောက်ပံ့ပေးအပ်ခြင်းကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံးတွင် ယမန်နေ့မွန်းတည့် ၁၂ နာရီက တောင်သူများထံ ပေးအပ်ခဲ့သည်။

ရှေးဦးစွာ စေတုတ္တရာမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဟိန်းထက်အောင်က ကော်ဖီသီးနှံစိုက်ပျိုးနိုင်ရေး၊ တိုးချဲ့စိုက်ပျိုးမည့်ဧကများနှင့် ကော်ဖီပျိုးပင်ပေးအပ်မည့်အခြေအနေ ရရှိမည့် အကျိုးကျေးဇူးများကို အဖွင့်အမှာစကားပြောကြားပြီး စေတုတ္တရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးမြစံက ကော်ဖီပျိုးပင်များ စိုက်ပျိုးနည်းစနစ်များ အရည်အသွေးကောင်းကော်ဖီထုတ်လုပ်ရေး ရေရှည်တည်တံ့ ကော်ဖီစိုက်ပျိုးနည်းစနစ်များကို တက်ရောက်လာသော ကော်ဖီစိုက်ပျိုးသည့်တောင်သူများအား ရှင်းလင်းပြောကြား၍ မြို့နယ်စီမံအုပ်ချုပ်ရေးဥက္ကဋ္ဌနှင့်အဖွဲ့၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနဦးစီးအရာရှိတို့က ကော်ဖီပျိုးပင်များ အခမဲ့ထောက်ပံ့ပေးအပ်ခြင်း၊ ကော်ဖီစိုက်ပျိုးနည်း အသိပညာပေးလက်ကမ်းများအား တက်ရောက်လာကြသူများအား ဖြန့်ဝေပေးသည်။

အဆိုပါ ကော်ဖီသီးနှံတိုးချဲ့စိုက်ပျိုးမည့် ကော်ဖီပျိုးပင်များအား လက်ရှိကော်ဖီစိုက်ပျိုးလျက်ရှိသောဒေသ၊ ရာသီဥတုနှင့်ကိုက်ညီသည့်ဒေသ၊ စိုက်ပျိုးဖြစ်ထွန်းမှုအလားအလာကောင်းမွန်နိုင်သောဒေသဖြစ်သည့် စေတုတ္တရာမြို့နယ်အတွင်းရှိ သဏ္ဍယ်တောင်၊ သဏ္ဍယ်ကျင်းကျေးရွာ(၂)ရွာအား ရွေးချယ်ပြီး တိုးချဲ့စိုက်ပျိုးသွားမည်ဖြစ်ရာ တိုးချဲ့စိုက်ပျိုးမည့် ကော်ဖီပျိုးပင်များအား ဒုန်းချောင်းအုပ်စု သဏ္ဍယ်တောင်ကျေးရွာရှိ တောင်သူ ၁၇ ဦးအား ဖြန့်ဖြူး၍ ၄င်းတို့မှ စိုက်ပျိုးမည်ဧက ၃၄ ဒသမ ၅၀ ဧကရှိခြင်း၊ သဏ္ဍယ်တောင်ကျေးရွာတောင်သူ ၇ ဦးအား မျိုးစေ့များဖြန့်ဖြူး၍ စိုက်ပျိုးမည့် ဧက ၁၀၀ ရှိကြောင်း သဏ္ဍယ်တောင်ကျေးရွာ၌ ၂၀၂၄-၂၀၂၅ ခုနှစ် တစ်နှစ်လျှင် ကော်ဖီသီးနှံ ၇၀၀ ဧက တိုးချဲ့စိုက်ပျိုးထုတ်လုပ်မည့် အစီအစဉ်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန တာဝန်ရှိသူတစ်ဦးထံက သိရသည်။

**(အပေါ်ဝဲပုံ)**

**မြို့နယ်(ပြန်/ဆက်)**

*-*-*-*-*

## ဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားတိုးတက်ရေး ရုံးစာရေးသားနည်းသင်တန်း ဖွင့်လှစ်

**ကျောက်ဆည် ဇူလိုင် ၁၈**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ လူထုအခြေပြုဗဟိုဌာနတွင် ယမန်နေ့ နံနက်ပိုင်းက ဝန်ထမ်းများလုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးနှင့် ရုံးလုပ်ငန်းများ စနစ်ကျပြီး လျင်မြန်စွာ ဆောင်ရွက်နိုင်ရေး ရုံးစာရေးသားနည်းသင်တန်း ဖွင့်လှစ်ခဲ့သည်။ သင်တန်းတွင် ခရိုင်ပြန်/ဆက်ဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်တင်ထွေးက ရုံးစာရေးသားရခြင်း၏ ရည်ရွယ်ချက်များ၊ ရုံးစာရေးသားရာတွင် အခြေခံရမည့်အချက် ၄ ချက်၊ ရုံးစာရေးသားနည်း ၉ မျိုး၊ စာအထားအသိုနှင့် ခေါင်းစဉ်တပ်ခြင်းအကြောင်းများ သင်ကြားပေးလျက်ရှိပြီး ဦးစီးအရာရှိ ဒေါ်ခင်နှင်းရီက ရုံးစာအမျိုးအစားအလိုက် နိဒါန်း၊ စာကိုယ်၊ နိဂုံးရေးသားနည်းများ၊ ရုံးလုပ်ငန်းသဘောတရားများနှင့် အစည်းအဝေးကျင်းပခြင်း၊ မှတ်တမ်းတင်ခြင်း၊ ဝင်စာထွက်စာ၊ စာရွက်စာတမ်းများလုံခြုံစွာ ကိုင်တွယ်ထိန်းသိမ်းခြင်းစသည့်အကြောင်းအရာများ ဆက်လက်သင်ကြားပေးသွားမည်ဖြစ်သည်။

ရုံးစာရေးသားနည်းသင်တန်းတွင် ပြန်/ဆက်ဌာန ကျောက်ဆည်ခရိုင် ရုံးနှင့်စဉ့်ကိုင်၊ တံတားဦး၊ မြစ်သားမြို့နယ်ရုံးများမှ သင်တန်းသား၊ သင်တန်းသူ ၁၀ ဦး တက်ရောက်သင်ကြားခဲ့ကြောင်း သိရသည်။

**(ယာပုံ)(၄၈၅)**



# လှုပ်လှုပ်ရှားရှား စီးပွားကုန်စည်

## ပြည်တွင်းဘဏ်များ၏ ငွေထုတ်ပေးမှု ဖြေလျော့မှုများကြောင့် ပဲ၊ နှမ်းဈေးကွက် ပုံမှန်ဈေးတန်းသို့ ပြန်လည်ရောက်ရှိလာ

ပြည်တွင်းဘဏ်များ၏ ငွေထုတ်ပေးမှု ဖြေလျော့မှုများကြောင့် ပဲ၊ နှမ်းဈေးကွက် ပုံမှန်ဈေးတန်းသို့ ပြန်လည်ရောက်ရှိလာကြောင်း ပဲ၊ နှမ်းကုန်သည်များထံက သိရသည်။

ပြည်တွင်းဘဏ်များ၏ ငွေထုတ်ယူအကောင့်တစ်ခုလျှင် ငွေကျပ်သိန်းနှစ်ရာထိ တိုးမြင့်ထုတ်ပေးလာရာ ဈေးကွက်ကျဆင်းနေသည့် ပဲနှမ်းဈေးကွက် အရောင်းအဝယ်ပုံမှန်ဖြစ်လာသည်။ သို့သော်လည်း ပမာဏများများ ငွေပေးချေမှုအဆင်မပြေသေးတာကြောင့် လက်ရှိ ပဲ၊ နှမ်းဈေးကွက်မှာ လိုရောင်းလိုဝယ်လောက်သာ အရောင်းအဝယ်ရှိနေခြင်းဖြစ်သည်။

မြေပဲဆန်နှင့် နှမ်းမျိုးစုံဈေးကွက်မှာ ဆက်လက် ဈေးကောင်းနေပြီး ယခင်သီတင်းပတ်ထက် ဈေးကွက်ပေါက်ဈေးမြင့်တက်နေဆဲဖြစ်သည်။

ပြည်တွင်းဘဏ်များ၏ ငွေလွှဲပမာဏဖြေလျှော့မှုများကြောင့် ဈေးကွက်ကျဆင်းနေသည့် ပဲမျိုးစုံဈေးကွက်မှာ ပြန်လည် မြင့်တက်ကြောင်း သို့သော်လည်း ပမာဏများများ ငွေပေးချေရသည့် ပို့ကုန်မတ်ပဲနှင့် ပဲစင်းငုံမှာ အရောင်းအဝယ်အေးသေးကြောင်း ယခင်သီတင်းပတ်က ဈေးကျဆင်းနေသည့် ပြည်တွင်းသုံးကုလားပဲအုပ်စုမှာ ပုံမှန်ဈေးတန်းသို့ ပြန်လည် မြင့်တက်လာသော်လည်း လိုရောင်းလိုဝယ်သာ အရောင်းအဝယ်ရှိကြောင်း ဆီထွက်သီးနှံအုပ်စုဖြစ်သည့် မြေပဲဆန်၊ နှမ်းမျိုးစုံနှင့်ပဲပုပ်မှာ အရောင်းအဝယ်အကောင်းဆုံးဖြစ်နေကြောင်း မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးကျော်သွင်(ရွှေစင်သိန်းပွဲရုံ)က ပြောသည်။

"ပြည်တွင်းဘဏ်များ၏ ငွေလွှဲပမာဏဖြေလျှော့မှုနဲ့အတူ ပြည်တွင်း ကုလားပဲဈေးကွက် ပြန်လည်ကောင်းမွန်လာတာဖြစ်သလို ဈေးကွက်ကျဆင်းနေရာမှ ပုံမှန်ဈေးတန်းသို့ ပြန်လည်ရောက်ရှိလာပါတယ်။ ပမာဏများများတော့ အရောင်းအဝယ်မရှိသေးပါဘူး။ ပဲမာလိုင်းများလည်း ဈေးမတက်သော်လည်း လိုရောင်းလိုဝယ်လေးသာ အရောင်းအဝယ်သာ ရှိပါတယ်။ မြေပဲဆန်တွေကတော့ အရောင်းအဝယ် ဆက်လက်ကောင်းနေဆဲပါ။ အသစ်ဝင်နှမ်းမျိုးစုံ ဈေးကွက်အဝင်ရှိသလောက် အဝယ်ကောင်းနေပါတယ်။ ပို့ကုန်မတ်ပဲနဲ့ ပဲစင်းငုံတွေကတော့ ငွေပေးချေမှု ပမာဏများတော့ အရောင်းအဝယ်နည်းနေသေးတယ်"ဟု ၎င်းက ပြောသည်။

ဇူလိုင် ၁၈ ရက်တွင် ပို့ကုန်မတ်ပဲတစ်အိတ်လျှင် ငွေကျပ် ၃၀၀၀၀၀၊ ပဲစင်းငုံတစ်အိတ်လျှင် ငွေကျပ် ၄၂၅၀၀၀ ပေါက်ဈေးဖြစ်လာသည်။ ပဲတီစိမ်းအညာတစ်အိတ်လျှင် ငွေကျပ် ၂၀၂၀၀၀ ပေါက်ဈေး ဖြစ်လာသည်။

ပြည်တွင်းသုံး ကုလားပဲအုပ်စုမှာ အမျိုးအစားလိုက် တစ်အိတ်လျှင် ငွေကျပ် ၁၀၀၀၀ ခန့် ပြန်လည်မြင့်တက်လာရာ ကုလားပဲ V2 တစ်အိတ်လျှင် ငွေကျပ် ၂၄၅၀၀၀၊ ကုလားပဲ V7 တစ်အိတ်လျှင် ငွေကျပ် ၂၅၀၀၀၀၊ ထိုင်ဝမ်ကုလားပဲတစ်အိတ်လျှင် ငွေကျပ် ၂၃၅၀၀၀၊ ၉၂၉ ကုလားပဲတစ်အိတ်လျှင် ငွေကျပ် ၂၄၀၀၀၀ ပေါက်ဈေးများ ပုံမှန်ဈေးတန်းဖြစ်လာသည်။

မြေပဲဆန်နှင့် နှမ်းမျိုးစုံ ဆက်လက်ဈေးမြင့်တက်နေရာ ဇူလိုင် ၁၈ ရက်အတွက် ပဲကြီးတစ်အိတ်လျှင် ငွေကျပ် ၂၇၅၀၀၀၊ ပဲပုပ်တစ်အိတ်လျှင် ငွေကျပ် ၂၃၀၀၀၀၊ ပဲထောပတ် တစ်အိတ်လျှင် ငွေကျပ် ၄၄၀၀၀၀၊ မြေထောက်ပဲတစ်အိတ်လျှင် ငွေကျပ် ၃၄၅၀၀၀၊ ကျွန်းစားတော်ပဲ တစ်အိတ်လျှင် ငွေကျပ် ၂၈၅၀၀၀ ပေါက်ဈေးရှိနေပြီး မြေပဲအနီလုံးဆန် တစ်ပိဿာလျှင် ငွေကျပ် ၈၀၀၀ ပေါက်ဈေးရှိနေပြီး မြေပဲဆီ တစ်ပိဿာလျှင် ငွေကျပ် ၁၆၅၀၀ ပေါက်ဈေးရှိနေသည်။

ဇူလိုင် ၁၈ ရက်တွင် နှမ်းမျိုးစုံပေါက်ဈေး ဆက်လက်မြင့်တက်နေရာ နှမ်းနက်စမုန် တစ်အိတ်လျှင် ငွေကျပ် ၅၁၀၀၀၀၊ နှမ်းဖြူ(ဂျပန်) ၄၅ ပိဿာ တစ်အိတ်လျှင် ငွေကျပ် ၄၂၅၀၀၀၊ နှမ်းဖြူ(ရိုးရိုး)တစ်အိတ်လျှင် ငွေကျပ် ၄၀၀၀၀၀၊ နှမ်းညိုတစ်အိတ်လျှင် ငွေကျပ် ၃၂၅၀၀၀၊ ပန်းနှမ်းတစ်အိတ်လျှင် ငွေကျပ် ၂၀၅၀၀၀၊ အသီးသီးပေါက်ဈေးရှိနေကြောင်း သိရသည်။

(အောက်ပုံ)

(မန္တလေးနေ့စဉ်-၆)

၀-၀-၀-၀-၀-၀





## အိမ်နီးချင်းနိုင်ငံများမှ ပြောင်းဝယ်လိုအား ရှိသော်လည်း ပြောင်းစိုက်ဧက ၃၅ ရာခိုင်နှုန်းခန့် လျော့ကျ

မြန်မာ့ပြောင်းကို အိမ်နီးချင်းနိုင်ငံများမှ ဝယ်လိုအားရှိနေသော်လည်း အခြေအနေအရပ်ရပ်ကြောင့် ပြောင်းစိုက်ဧက ၃၅ ရာခိုင်နှုန်းခန့် လျော့ကျခဲ့သဖြင့် ထုတ်လုပ်မှုပမာဏ ကျဆင်းခဲ့ကြောင်း မြန်မာနိုင်ငံ၊ ပြောင်းလုပ်ငန်းရှင်များအသင်းမှ သိရသည်။

ယခုနှစ်တွင် ထူးခြားချက်အနေဖြင့် အိန္ဒိယနိုင်ငံမှ G to G ဖြင့် ပြောင်းတန်ချိန် ၅ သိန်း ဝယ်ယူနေသော်လည်း အခြားလမ်းကြောင်းများမှ တင်ပို့မှုများနှင့် တွက်လျှင် ၅ သိန်းကျော်နိုင်သည်ဟု ပြောင်းတင်ပို့သူတစ်ဦးက ပြောသည်။

"ပြီးခဲ့တဲ့ မိုးပြောင်းစိုက်ရာသီမှာ အချို့ဒေသတွေက စိုက်ပျိုးနိုင်မှုမရှိတဲ့အခြေအနေတွေရယ်၊ ပြောင်းဈေးမကောင်းတော့ တောင်သူတွေ မစိုက်ကျတာရယ်ကြောင့် ပြောင်းစိုက်ဧက လျော့သွားသလို ထုတ်လုပ်မှုလည်း ကျသွားတယ်။ လက်ရှိပြောင်းဈေးကွက်မှာ တောင်သူတွေအတွက် အကျိုးအမြတ်ရှိတာကြောင့် ခုလာမယ့် ဆောင်းပြောင်းရာသီမှာ စိုက်ပျိုးဧက တိုးလာနိုင်တယ်"ဟု ၎င်းကပြောသည်။

အိမ်နီးချင်းနိုင်ငံများသို့ တင်ပို့မှုတွင် ယခုနှစ်ထူးခြားချက်မှာ ထိုင်းနိုင်ငံသို့ တင်ပို့ရာ၌ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းမှာ အခက်အခဲရှိသဖြင့် ပင်လယ်ရေကြောင်းမှ တင်ပို့ရသဖြင့် ထိုင်းသို့ တင်ပို့မှု ပုံမှန်ထက် လျော့နည်းခဲ့ကြောင်း၊ အိန္ဒိယနိုင်ငံမှ ယခုနှစ်တွင် ၎င်းတို့ ပြည်တွင်းလိုအပ်ချက်များခြင်းကြောင့် မြန်မာ့ပြောင်းတန်ချိန် ငါးသိန်းဝယ်ယူနေသည်။

"ပြည်တွင်းမှာ မိုးပြောင်းစိုက်ချိန် နိဝင်ဘာကနေ ဖေဖော်ဝါရီထိက ဈေးကျဆင်းချိန်လည်း ဖြစ်သလို တရားဝင်တင်ပို့မှုမရှိသေးတာကြောင့် ပြောင်းဈေးအနိမ့်ပိုင်းဖြစ်လို့ ပြောင်းစိုက်သူတွေမှာ တွက်ခြေမကိုက်ဘူး။ သင်္ကြန်ပြီးနောက်ပိုင်း ကမ္ဘာ့ပြောင်းဈေး ပြည်တွင်းပြောင်းဈေးမြင့်လာတာ တစ်ပိဿာလျှင် ငွေကျပ် ၁၄၀၀-၁၅၀၀ ဝန်းကျင်။ FOB ဈေးက တစ်တန်ကို ၂၇၀ လောက်ဖြစ်လာတယ်"ဟု ဆက်လက်ပြောကြားသည်။

ပြီးခဲ့သည့်နှစ်တွင် စိုက်ဧကလျော့နည်းခဲ့သော်လည်း လက်ရှိဈေးကွက်အရ တောင်သူများ အကျိုးအမြတ်ရှိသော ဈေးနှုန်းရရှိခြင်းကြောင့် ၂၀၂၄ ခုနှစ်၊ အောက်တိုဘာမှ ဒီဇင်ဘာတွင် စိုက်ပျိုးမည့် ဆောင်းပြောင်းမှာ ဧရာဝတီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး ပြောင်းစိုက်ဧက တိုးလာနိုင်သည်ဟု ဆိုသည်။

(အပေါ်ပုံ)

(မန္တလေးနေ့စဉ်-၉)

## ပြည်ပသို့ ယခုဘဏ္ဍာနှစ်၏ ၃ လကျော် ကာလအတွင်း ပဲမျိုးစုံတင်ပို့မှု တန်ချိန် ၇ သိန်းကျော်ရှိ

ပြည်ပသို့ ပြည်တွင်းမှ ထွက်ရှိသော ပဲမျိုးစုံတင်ပို့လျက်ရှိရာ ၂၀၂၄-၂၀၂၅ ခုနှစ် ဘဏ္ဍာနှစ်၊ ဧပြီမှ ဇူလိုင် ၅ ရက် ၃ လကျော်ကာလအတွင်း ပဲမျိုးစုံ တန်ချိန် ၇ သိန်းကျော် တင်ပို့ခဲ့ပြီးဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စာရင်းများအရ သိရသည်။

ထိုသို့ တင်ပို့ရာ၌ ပင်လယ်ရေကြောင်းမှ တင်ပို့မှုတွင် ပဲမျိုးစုံ တန်ချိန် ၆ သိန်း ၈ သောင်းကျော် တင်ပို့ခဲ့ပြီးနယ်စပ်ကုန်သွယ်ရေးစခန်းများမှ တန်ချိန် ၂၄၀၀၀ ကျော်တင်ပို့ခဲ့ခြင်းဖြစ်သည်။

"ပြည်တွင်းက ထွက်ရှိတဲ့ ပဲမျိုးစုံကို ပြည်ပဝယ်လိုအားရှိတယ်။ ပြည်ပတင်ပို့ခြင်းအားဖြင့် ပြည်ပဝင်ငွေရရှိသလို လုပ်ငန်းရှင်တွေလည်း အဆင်ပြေကြတယ်။ ခုဆိုရင် ပြောင်းကို အိန္ဒိယက သူတို့နိုင်ငံက အခွန်ကောက်ခံမှု ကင်းလွတ်ခွင့်ပေးပြီး ဝယ်နေတယ်"ဟု သီးနှံပို့ကုန်လုပ်ငန်းရှင်တစ်ဦးက ပြောသည်။

ယခု ၃ လတာ ကာလအတွင်း ပြည်ပသို့ ပဲမျိုးစုံတင်ပို့မှုမှ ရရှိသော ဝင်ငွေများအရ ပင်လယ်ရေကြောင်း တင်ပို့မှုအနေဖြင့် အမေရိကန်ဒေါ်လာ ၅၈၉ သန်းကျော်၊ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းမှ အမေရိကန်ဒေါ်လာ ၆၀၉ သန်းကျော် ရရှိခဲ့ကြောင်း ပြီးခဲ့သည့်ဘဏ္ဍာနှစ်တွင် ပဲမျိုးစုံတန်ချိန် ၁ ဒသမ ၇ သန်းကျော် တင်ပို့ခဲ့ကာ ဝင်ငွေအဖြစ် အမေရိကန်ဒေါ်လာ ၁ ဒသမ ၄ ဘီလီယံ ရရှိခဲ့သည်။

ပဲမျိုးစုံ တင်ပို့မှုများတွင် မတ်ပဲတန်ချန် ၂ သိန်း ၆သောင်းကျော်ဖြင့် အများဆုံးတင်ပို့ခဲ့ပြီး ဒုတိယအများဆုံးအနေဖြင့် ပဲတီစိမ်းတန်ချိန် ၂သိန်း ၂ သောင်း တင်ပို့နိုင်ခဲ့ကြောင်း၊ ပြည်တွင်းမှ ပဲမျိုးစုံကို အိန္ဒိယနိုင်ငံမှ ဝယ်ယူမှုများပြားပြီး တရုတ်၊ ပါကစ္စတန်၊ ဘင်္ဂလားဒေ့ရှ် စသည့် နိုင်ငံများသို့ တင်ပို့လျက်ရှိကြောင်း သိရသည်။

(အောက်ပုံ)

(မန္တလေးနေ့စဉ်-၉)



## (၇၇)နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ် ဟောပြောပွဲ၊ စာဖတ်စွမ်းရည်ပြိုင်ပွဲ၊ ပုံပြင်ပြောပြိုင်ပွဲနှင့် ဆုချီးမြှင့်ခြင်း အခမ်းအနား ကျင်းပ

**ဟိုပုံး ဇူလိုင် ၁၈**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဟိုပုံးမြို့နယ်တွင် ၂၀၂၄ ခုနှစ် ဇူလိုင် ၁၉ ရက်တွင် ကျရောက်မည့် (၇၇)နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ်အဖြစ် ဟောပြောပွဲ၊ စာဖတ်စွမ်းရည်ပြိုင်ပွဲနှင့် ပုံပြင်ပြောပြိုင်ပွဲ ဆုချီးမြှင့်ခြင်း အခမ်းအနားကို ဇူလိုင် ၁၇ ရက် မွန်းလွဲ ၁ နာရီက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အဆင့်ရုံး၊ လူထုအခြေပြုဗဟိုဌာန (Community Centre) ခန်းမတွင် ကျင်းပခဲ့သည်။



ရှေးဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အဆင့်ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်အိအိသန်းက (၇၇)နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ် ဟောပြောပွဲ၊ စာဖတ်စွမ်းရည်ပြိုင်ပွဲနှင့် ပုံပြင်ပြောပြိုင်ပွဲ ပြုလုပ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် ဟိုပုံးမြို့ အခြေခံပညာကျောင်းများမှ မူလတန်းအဆင့် ကျောင်းသား၊ ကျောင်းသူများက (၇၇)နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ် စာဖတ်စွမ်းရည်ပြိုင်ပွဲနှင့် ပုံပြင်ပြောပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး (၇၇)နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ် စာဖတ်စွမ်းရည်ပြိုင်ပွဲနှင့် ပုံပြင်ပြောပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသော ကျောင်းသား၊ ကျောင်းသူများအား တာဝန်ရှိသူများက ဆုများ အသီးသီး ချီးမြှင့်ခဲ့ကြသည်။

ဆက်လက်၍ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အဆင့်ရုံးမှ ခင်းကျင်းပြသထားသည့် မူးယစ်ဆေးဝါးအန္တရာယ်၊ လူကုန်ကူးမှုအန္တရာယ် တားဆီးကာကွယ်ရေးနံရံကပ်စာစောင်၊ ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေး နံရံကပ်စာစောင်၊ (၇၇)နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ် အသိပညာပေး နံရံကပ်စာစောင်၊ ဓာတ်ပုံနှင့် စာအုပ်စာစောင်များအား ကျောင်းသား၊ ကျောင်းသူများက ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)(၃၆၈)**

## ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေး ဟောပြောပွဲ ကျင်းပ

**စစ်ကိုင်း ဇူလိုင် ၁၈**

စစ်ကိုင်းခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ချင်းစုအခြေခံပညာအလယ်တန်းကျောင်း(ခွဲ)တို့ပူးပေါင်းကာ ကျောင်းသား၊ ကျောင်းသူများ အသိပညာဗဟုသုတများ ရရှိစေရန်နှင့် ဗလငါးတန်နှင့်ပြည့်စုံသည့် လူငယ်လူရွယ်လေးများ ဖြစ်လာစေရန် ရည်ရွယ်၍ ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေး ဟောပြောပွဲကို ဇူလိုင် ၁၇ ရက် နံနက် ၁၀ နာရီက အဆိုပါကျောင်းတွင် ကျင်းပခဲ့သည်။



ဟောပြောပွဲတွင် စစ်ကိုင်းခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်မေဇင်မိုးက ကလေးအလုပ်သမားအဓိပ္ပာယ်၊ ကလေးအလုပ်သမား၏ အသက်အရွယ်၊ ကလေးအလုပ်သမားပပျောက်ရေး ရည်မှန်းချက်သုံးရပ်၊ ကလေးအလုပ်သမားများ၏ အလုပ်ချိန်ကန့်သတ်ချက်၊ ကလေးအလုပ်သမားသည် တရားမဝင်ပါ၊ အပြည်ပြည်ဆိုင်ရာ ပြဋ္ဌာန်းချက်များတို့ကို ဟောပြောဆွေးနွေးပေးခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီး ကလေးအလုပ်သမားပပျောက်ရေး "အသိပညာပေးရေးနှင့်စွမ်းဆောင်ရည်မြှင့်တင်ရေးလုပ်ငန်းကော်မတီ"မှ တာဝန်ခံထုတ်ဝေသည့် ဖေယျာရွှေမြေလက်ကမ်းစာစောင်များကို အခမဲ့ဖြန့်ဝေပေးခဲ့သည်။

ဆက်လက်၍ စစ်ကိုင်းခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြသထားသည့် ကလေးအလုပ်သမားပပျောက်ရေး နံရံကပ်စာစောင်များကို ကျောင်းသား၊ ကျောင်းသူများက ကြည့်ရှုလေ့လာခဲ့ကြပြီး နယ်လှည့်စာကြည့်တိုက်အဖြစ် စာအုပ်များ ငှားရမ်းပေးခဲ့ကြောင်း သိရသည်။

**(အပေါ်ယာပုံ)**

**မြို့နယ်(ပြန်/ဆက်)**

၀-၀-၀-၀-၀-၀-၀

## နိုင်ငံကျော်အဆိုတော် စိုင်းဆိုင်မောဝ် ကွယ်လွန်

**ရန်ကုန် ဇူလိုင် ၁၈**

နိုင်ငံကျော်အဆိုတော်ကြီး၊ ရှမ်းအနုပညာရှင် စိုင်းဆိုင်မောဝ်သည် ဇူလိုင် ၁၇ ရက် ည ၇ နာရီ ၁၅ မိနစ်တွင် ရန်ကုန်မြို့၊ အင်းစိန်မြို့နယ် ကောင်းအထူးကုဆေးရုံမှာ ကွယ်လွန်ခဲ့သည်။

အဆိုတော် စိုင်းဆိုင်မောဝ်သည် ရှမ်းသီချင်းများဖြင့် နာမည်ကျော်ကြားခဲ့ရုံမက မြန်မာသီချင်းများဖြင့်ပါ နာမည်ကျော်ကြားခဲ့ပြီး ချယ်ရီသက်သေမောင့်မျက်ရည်၊ စိုင်းချစ်တဲ့ရတနာ၊ ရှမ်းပဲပုပ်လေးကျွန်တော်၊ မောင်ပေးတဲ့အချစ်ပြန်ဆပ်ခဲ့ပါ၊ တစ်ရွာသားနဲ့ ပဝါပါး၊ ချယ်ရီပန်းလေး အသည်းပေးမယ်၊ မူဆယ်နမ့်ခမ်းလမ်း၊ တောင်ပြာတန်းက သိတယ်၊ မတွေ့ကြရင် အကောင်းသားနှင့် ထွက်ရှိခဲ့သမျှ အခြားတေးသီချင်းများသည် ဆယ်စုနှစ်များစွာ နာမည်ကြီး၊ လူကြိုက်များခဲ့သော သီချင်းများဖြစ်ခဲ့ပြီး ယနေ့ချိန်ထိလည်း လူကြိုက်များနေဆဲ ဖြစ်သည်။



စိုင်းဆိုင်မောဝ် ရုပ်အလောင်းကို ဇူလိုင် ၁၉ ရက် မွန်းလွဲ ၃ နာရီတွင် ရန်ကုန်မြို့ ရေဝေးသုသာန်တွင် ပြုလုပ်သွားမည် ဖြစ်သည်။

**(မန္တလေးနေ့စဉ်-၅)**

၀-၀-၀-၀-၀-၀-၀




ဖတ်စရာ၊ မှတ်စရာ
စုံလင်
မန္တလေး

## ကိုးဦးဇာနည် ဦးညွှတ်ရည်

* ဂုဏ်ဦးစော ဦးဆောင်ပြုလို့
လူတစ်စု မိုက်မှားစွာ
လုပ်ကြံပေတာ ။
ဗိုလ်အောင်ဆန်းနှင့် ကိုးဦးမှာ
ကျဆုံးရှာ ဖြစ်ရပ်ဆိုး ။
အစားထိုးမရ ဆုံးရှုံးခြင်းရယ်
ရင်တွင်းဆင့်တိုး ။

* လဇူလိုင် တစ်ဆယ့်ကိုးလို့
အသိမညှိုး မမေ့ပေ
ရင်နင့်စွာလေ ။
အာဇာနည်တို့ သွေးစက်တွေ
မြေခစေ ဒီနေ့ရက် ။
များပြည်သူ စိတ်နလုံးတို့မယ်
ပျက်သုဉ်းစေလျက် ။

* အသားထဲက လောက်ကောင်ထွက်သမို့
ပြုရက်စက် ဖြေမဆည်
ပူဆွေးရသည် ။
မိုးကောင်းကင်တို့ ငိုလေပြီ
တိမ်ညို့ရည် မိုးပုလဲ ။
ကျမျက်ရည် တူယှဉ်ပြုပါလို့
သွန်းစုဆင်နွှဲ ။

* အာဇာနည်တို့ ကမ်းလက်တွဲကာပ
စိတ်ခိုင်မြဲ တူမကြာ
ကြိုးပမ်းခဲ့ရာ ။
ယနေ့ချိန်ရောက် တို့မြန်မာ
လွတ်လပ်စွာ တည်နေကြောင်း ။
ကျေးဇူးအမှန် ဂုဏ်ရည်ထုကိုပ
ဦးညွှတ်ဆုတောင်း ။

(၁၉.၇.၂၀၂၄ ရက်တွင် ကျရောက်သော (၇၇)နှစ်မြောက် အာဇာနည်နေ့အား ဂါရဝပြုရေးဖွဲ့ပါသည်။)

**မင်းမြတ်မိုး(မန်းမြေ)**

# သတင်းပဒေသာ

## လူငယ်ရေးရာအသိပညာပေးဟောပြော

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မိုင်းနောင်မြို့ အ·မ·က နားကန်းကျောင်းတွင် လူငယ်ရေးရာအသိပညာပေးဟောပြောပွဲ၊ စာအုပ်ပြပွဲနှင့် နံရံကပ်စာစောင်ပြသခြင်းများကို ယမန်နေ့နံနက် ၁၀ နာရီက အဆိုပါကျောင်းတွင် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲ ကျင်းပ

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးခရိုင်၊ ကျောက်တလုံးကြီးမြို့၌ ကျောင်းသားလူငယ်များနှင့် ပြည်သူများ အာဇာနည်နေ့ သမိုင်းအကြောင်းအရာများကို ပိုမိုသိရှိနိုင်စေရန် ရည်ရွယ်၍ (၇၇)နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ်အဖြစ် အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲကို ယမန်နေ့ ညနေ ၃ နာရီက ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ လူထုအခြေပြုဗဟိုဌာန(Community Centre)ခန်းမတွင် ပြသခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## နယ်လှည့်အသိပညာပေးဟောပြော

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ ငဖဲမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများ ကျောင်းပြင်ပအသိပညာဗဟုသုတတိုးပွားစေရန်နှင့် စာဖတ်ရှိန်မြှင့်တင်ရန် ရည်ရွယ်၍ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက နယ်လှည့်အသိပညာပေးဟောပြောပွဲနှင့် ကလေးစာဖတ်ဝိုင်းကို ယမန်နေ့မွန်းလွဲ ၂ နာရီက နယ်ဇောကျေးရွာ အခြေခံပညာမူလတန်းကျောင်းတွင် ကျင်းပဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## အာဇာနည်နေ့အထိမ်းအမှတ် အသိပညာပေးဟောပြောပွဲကျင်းပ

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ အောင်ဇမ္ဗူ(၁၀)ရပ်ကွက်၊ အမှတ်(၁၄၀)မူလွန်၊ လက်ပံခါးလှကျောင်း၌ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် မြန်မာနိုင်ငံ၏ နေ့ထူးနေ့မြတ်များ ပိုမိုသိရှိလာစေရန်နှင့် အာဇာနည်နေ့ကို အစဉ်အမြဲသတိရရှိစေရန်ရည်ရွယ်၍ ယမန်နေ့နံနက်ပိုင်းက (၇၇)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် အသိပညာပေးဟောပြောပွဲကို ကျင်းပခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## မူလတန်းအဆင့် ဉာဏ်စမ်းပြိုင်ပွဲ ကျင်းပ

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်ခရိုင်၊ ကျိုင်းလပ်မြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရှိ ကလေးစာဖတ်ခန်းတွင် မူလတန်းအဆင့် ဉာဏ်စမ်းပြိုင်ပွဲကိုဇူလိုင် ၁၆ ရက် နံနက် ၁၀ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## စာဖတ်ရှိန်မြှင့်တင်ရေး စာဖတ်ဝိုင်းပြုလုပ်

မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါမြို့၊ အ·လ·က(မြောက်ကုန်း)ကျောင်း အစည်းအဝေးခန်းမ၌ ကျောင်းသား၊ ကျောင်းသူများ ဗလငါးတန်ပြည့်စုံပြီး အသိပညာဗဟုသုတများ ပြည့်ဝစေရန် ရည်ရွယ်၍ စာဖတ်ရှိန်မြှင့်တင်ရေး စာဖတ်ဝိုင်းအခမ်းအနားကို ယမန်နေ့နံနက် ၉ နာရီကခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ခရိုင်ပညာရေးမှူးရုံးတို့ပူးပေါင်း၍ ပြုလုပ်ခဲ့ကြောင်းသိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## ကျန်းမာရေးစစ်ဆေးခြင်းများ ဆောင်ရွက်

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဇေယျာသီရိမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှု ကျန်းမာရေးအသိပညာပေးခြင်းနှင့် ကျောင်းသား၊ ကျောင်းသူများအား ကျန်းမာရေးစစ်ဆေးခြင်းကို ဇူလိုင် ၁၆ ရက် နံနက်ပိုင်းက မအူတောကျေးရွာ မူလတန်းလွန်ကျောင်းတွင် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## ရွှေပေါက်ကျွန်းဆရာတော် စံလွန်တော်မူခြင်း (၃)နှစ်ပြည့် ဆွမ်းဆက်ကပ်

**မန္တလေး ဇူလိုင် ၁၈**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ရွှေပေါက်ကျွန်းဆရာတော်ကြီးအမှူးထား၍ မလှိုင်မြို့နယ် သံဃနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ရေင်ကျေးရွာအုပ်စု ရွှေပေါက်ကျွန်း သာသနာပြုစခန်း ပဓာနနာယက ဆရာတော် ဘဒ္ဒန္တကုမာရ(မဟာမင်္ဂလဓမ္မဇောတိကဓဇ) မဟာထေရ် ဘဝနတ်ထံ စံလွန်တော်မူခဲ့ခြင်း (၃)နှစ်ပြည့် ကုသိုလ်ပြုပွဲကို ပဓာနနာယကဆရာတော် သီတင်းသုံးတော်မူခဲ့သော အောင်မြေသာစံမြို့နယ် ၁၉လမ်း၊ မဟာဝိသုတာရာမတိုက်တော် ဓမ္မပါလကျောင်းတိုက်တွင် ဇူလိုင် ၁၈ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။



အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး သံဃနာယကအဖွဲ့ ဩဝါဒါစရိယ မစိုးရိမ်တိုက်နာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိစိတ္တာဘိဝံသနှင့် ကျောင်း ထိုင်ဘုန်းကြီးသင်တန်းကျောင်း (မန္တလေး)ကျောင်းအုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကေသဝ အမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်ပြီး မန္တလေးတိုင်းဒေသကြီး သံဃနာယက မစိုးရိမ်တိုက်ဆရာတော်ကြီးထံမှ သီလခံယူဆောက်တည်ကြပြီး ရွှေပေါက်ကျွန်းပဓာနနာယကဆရာတော်၏ တပည့် ဒါယကာ၊ ဒါယိကာမများက ဆရာတော်ကြီးများအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။ ထို့နောက် ကျောင်းထိုင်ဘုန်းကြီးသင်တန်း ကျောင်းအုပ်ဆရာတော်ကြီးထံမှ ရေစက်ချ တရားနာယူ၍ နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြကြောင်း သိရသည်။

**(ဝဲပုံ) (ကဆ)**

## မန္တလေးတောင်တော်ဆုတောင်းပြည့်ဘုရားတွင် (၃၉)ကြိမ်မြောက် အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်မည်

**မန္တလေး ဇူလိုင် ၁၈**

မန္တလေးတောင်တော်ဂေါပကအဖွဲ့၏ (၃၉)ကြိမ်မြောက် အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲကို ဇူလိုင် ၂၂ရက်မှ ၂၆ရက်အထိ ဆုတောင်းပြည့်ဘုရားရင်ပြင်တွင် ငါးရက်တိုင်တိုင် ကျင်းပမည်ဖြစ်သည်။

(၃၉)ကြိမ်မြောက် အသံမစဲ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲတွင် ပဋ္ဌာန်းနာယကဆရာတော် ၁၂ ပါး၊ ပဋ္ဌာနဘာဏက ဆရာတော် ၂၅ပါး၊ စုစုပေါင်း ဆရာတော်၊ သံဃာတော် ၃၇ပါးဖြင့် အသံမစဲမဟာ ပဋ္ဌာန်းရွတ်ဖတ်ပူဇော်မည်ဖြစ်ကြောင်း သိရသည်။

**(ယာပုံ)**

**(ဝ၄၅)**



## သရက်မြို့နယ်တွင် ရေဘေးရှောင်အိမ်ထောင်စုများအား ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေများ ပေးအပ်

**သရက် ဇူလိုင် ၁၈**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၌ ဧရာဝတီမြစ်ရေမြင့်တက်လာမှုကြောင့် မြစ်ကမ်းနားတစ်ဘေး မြစ်ရေများဝင်ရောက်လာသဖြင့် ရေဝင်ရောက်သည့် ပိဿလိမ်းကျေးရွာ၊ စမ်းအိုင့်ကျေးရွာ၊ ရေပေါ်ကျွန်းကျေးရွာ၊ ထုံးတောင်ကျေးရွာ၊ လက်ပံဆိပ်ကျေးရွာ၊ ဆင်သေကျေးရွာ၊ ကျဦးကျေးရွာနှင့် အမှတ်(၅)ရပ်ကွက်တို့ရှိ အိမ်ထောင်စုများမှ ပြည်သူများအား ရေကင်းလွတ်ရာနေရာများသို့ ပြောင်းရွှေ့ပေးခဲ့ပြီး ဆန်ရိက္ခာဖိုးများ ထောက်ပံ့ပေးလျက်ရှိရာ ကျန်ရှိနေသည့် အိမ်ထောင်စုဝင်များအား ထောက်ပံ့ငွေပေးအပ်ခြင်းကို မြို့နယ်အုပ်ချုပ်ရေးမှူးရုံးခန်းတွင် ယနေ့ နံနက် ၁၁ နာရီက ဆက်လက်ထောက်ပံ့ပေးအပ်ခဲ့သည်။



သရက်မြို့နယ်အတွင်းတွင် ရေဘေးရှောင်အိမ်ထောင်စု ၉၈၆ စုမှ လူဦးရေ ၃၉၇၈ ဦးတို့အတွက် ဆန်ရိက္ခာဖိုး တစ်ဦးလျှင် ငွေကျပ် ၂၁၀၀ နှုန်းဖြင့် ငွေကျပ် ၈၃၅၃၈၀၀ ထောက်ပံ့ပေးအပ်ခဲ့ပြီး ခရိုင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မှ ရေကြီးရေဝင်ရောက်မှုအခြေအနေများနှင့် ရေဘေးရှောင်စခန်းများအား ကွင်းဆင်းကြည့်ရှုပြီး လိုအပ်သည့် ကူညီထောက်ပံ့မှုများဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**ဇော်ထက်(သရက်)**

## မင်းဘူးမြို့နယ်တွင် သုံးမွှာပူးမွေးသည့်မိခင်နှင့် ကလေးများအား ထောက်ပံ့ကြေးပေးအပ်

**မင်းဘူး ဇူလိုင် ၁၈**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးမြို့တွင် ကလေးသုံးမွှာပူး မွေးဖွားသူမိခင်အား လူမှုဝန်ထမ်းဦးစီးဌာနမှ ထောက်ပံ့ကြေးပေးအပ်ပွဲအခမ်းအနားကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ယမန်နေ့ မွန်းလွဲ ၂ နာရီက ကျင်းပသည်။

အဆိုပါ ထောက်ပံ့ကြေးပေးအပ်ပွဲတွင် လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ မင်းဘူးမြို့နယ် လူမှုဝန်ထမ်းဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်သိမ့်သိမ့်အေးနှင့် တာဝန်ရှိသူများက မိခင် မသီတာထွန်းနှင့် ကလေးများအတွက် ငွေကျပ် ငါးသိန်းအား ထောက်ပံ့ ပေးအပ်ခဲ့သည်။

မင်းဘူး(စကု)မြို့နယ်၊ ဖလံရုံကျေးရွာတွင် နေထိုင်သူ မိခင် မသီတာထွန်းသည် မိန်းကလေး သုံးမွှာပူးအား မကွေးဆေးရုံကြီးတွင် အောင်မြင်စွာ မွေးဖွားခဲ့သည်။ ထိုမွေးဖွားခဲ့သည့် ကလေးသူငယ်များ၏ မိခင်နှင့် ဖခင်မှာ အခြေခံ လူတန်းစားများဖြစ်ကြပြီး လယ်ယာလုပ်ငန်းလုပ်ကိုင်သူများဖြစ်ကြောင်း၊ မိခင်နှင့်ကလေးများ ကျန်းမာလျက်ရှိကြောင်း၊ ထို့ပြင် ၎င်းတို့ဆွေမျိုးသားချင်းများတွင်လည်း အမွှာမွေးသည့် မျိုးရိုးရှိပြီး ၎င်း၏အဒေါ်ဖြစ်သူမှာလည်း နှစ်မွှာပူးမွေးထားပါကြောင်း ကလေးသုံးမွှာပူးမွေးသည့် မသီတာထွန်းက ပြောပြသည်။ **(အောက်ပုံ)**

**(၅၀၄)**



# မြန်မာတို့၏ ဝါဆိုလ

ဆရာစန်း(မန်းမြို့သစ်)





**စတုတ္ထမြောက်လ**

မြန်မာတို့တွင် တစ်နှစ်တာ ဆယ့်နှစ်လရှိရာ ဝါဆိုလသည် စတုတ္ထမြောက်လ ဖြစ်သည်။ ရက်စုံလဖြစ်၍ ရက် ၃၀ အပြည့်ရှိသည်။

မြန်မာသက္ကရာဇ် ၁၃၈၆ ခုနှစ် နယုန်လသည် ခရစ်နှစ် ၂၀၂၄ ခုနှစ် ဇူလိုင် ၅ ရက်တွင် ကုန်သဖြင့် ဇူလိုင် ၆ ရက် စနေနေ့သည် ဝါဆိုလဆန်း ၁ ရက် ဖြစ်သည်။ ဝါဆိုလသည် ဩဂုတ် ၄ ရက် တနင်္ဂနွေနေ့တွင် လကွယ်သည်။ ဝါဆိုလဆန်း ၁၄ ရက် ခရစ် ဇူလိုင် ၁၉ ရက် သောကြာနေ့သည် 'အာဓာနည်နေ့' ဖြစ်သည်။ ဇူလိုင် ၂၀ ရက် စနေနေ့တွင် ဝါဆိုလပြည့်သည်။

ဝါဆိုလသည် မိုးဥတုအလယ်ပိုင်းကျရောက်သဖြင့် တစ်နိုင်ငံလုံး မိုးဖြိုင်ဖြိုင်ရွာသောလ ဖြစ်သည်။ ယခုနှစ် ကဆုန်၊ နယုန်မှစ၍ မိုးကြီး၊ လေကြီးရွာသွန်းတိုက်ခတ်ပြီးနောက် နယုန်လကုန်တွင် မိုးနည်းသွားခဲ့သည်။ သို့သော် တစ်နိုင်ငံလုံးအတိုင်းအတာတွင် နေ့စဉ် မိုးမပြတ်ဘဲ ရှိသည်။ သို့ဖြစ်၍ နိုင်ငံတော်တစ်ဝန်း စပါးစိုက်ပျိုးမှု စတင်နိုင်ကြသည်။ ကျေးလက်နေ တောင်သူလယ်သမားမိသားစုတို့မှာ ရိုးရာအလုပ်ဖြစ်သော ဆန်စပါးစိုက်ပျိုးရေးဖြင့် အသက်မွေးကြသူများဖြစ်ရာ မိုးကိုမျှော်သည်။ မိုးဦးကျလာသည်နှင့် လယ်ယာလုပ်ငန်းခွင်ဝင်ရေးအသင့်ဖြစ်အောင် ကြိုတင်စီစဉ်ထားတတ်ကြသည်။ လယ်ယာစိုက်ပျိုးရေးကို မြန်မာ့ရိုးရာ ကျွဲ၊ နွားများဖြင့် တောင်သူလယ်သမားများကိုယ်တိုင် လယ်ကွင်းဆင်း၍ ရုန်းကန်ကြိုးပမ်းရသည်များရှိသကဲ့သို့ လယ်ယာသုံးစက်များကိုအသုံးပြု၍ တွင်ကျယ်စွာ စိုက်ပျိုးသည်များလည်း ရှိလာသည်။ သို့ဖြစ်၍ ယခုနှစ် ဝါဆိုလဆန်းသည်နှင့် နိုင်ငံအဝန်း ကမ္ဘာလာစိမ်းကြီး လွှမ်းခြုံထားဘိအလား မျက်စိတစ်ဆုံး စပါးခင်းများ သန်မာကြီးထွားလျက်ရှိနေလေပြီ။

**မုလေးပန်းနှင့် ပုန်းညက်ပန်းတို့ မွှေးပျံ့ရာ ကရကဋ်ရာသီ**

ဝါဆိုလ၏ ရာသီမှာ **'ကရကဋ်ရာသီ'** ဖြစ်သည်။ ရာသီရုပ်မှာမူ **'ပုစွန်လုံးရုပ်'** ဖြစ်သည်။ ရာသီပွဲတော်မှာ ခြိမ့်ခြိမ့်သဲကျင်းပလေ့ရှိသည်။ **'ပဥ္စင်းခံပွဲတော်'** ဖြစ်သည်။ ရာသီပန်းအဖြစ် **'ပုန်းညက်ပန်းနှင့် မုလေးပန်း'**တို့ကို သတ်မှတ်ထားသည်။ စန်းယှဉ်နက္ခတ်မှာ **'အာသဠ်နက္ခတ်'** ဖြစ်သည်။

သို့ဖြစ်၍ နန်းတွင်းစာဆိုတော်ကြီး ဦးမင်းက သူ၏ (၁၂)လ ရာသီခွင်တွင် ဝါဆိုလကို ဤသို့ ဖွဲ့ဆိုထားခဲ့သည်။

**'ပြဿဒ်သဠ် ကြယ်ထွန်းလို့၊ လဝန်းတဲ့ သော်တာ။**
**သည်ချိန်ကို ယုဂန်ဖျားက၊ နှစ်ပါးရောင်ခြည်ဆိုက်၊**
**လင်းခိုက်မို့သာ။**

မြန်မာတို့၏ ဝါဆိုလသည်ကား
"သန္ဓေ၊ တောထွက်၊ ဓမ္မစက်၊
ယမိုက်ပြာဋိဟာ"အဆိုအတိုင်း
သန္ဓေယူသည့်လ၊
တောထွက်တော်မူသည့်လ၊
ဓမ္မစကြာတရားကို ဟောကြားတော်မူပြီး
ယမိုက်ပြာဋိဟာ ပြတော်မူသည့်လဖြစ်သဖြင့်
ဗုဒ္ဓဘာသာဝင်တို့
အထူးအလေးထားသည့်လ
ဖြစ်ပေသည်။

**ရနံ့ငယ်ဖြာ၊ ညာတံက ငုံဖူး။**
**ပုန်းညက်ကယ်၊ နိုင်ပင်မင်း သင်းပျံ့ပျံ့ကြူး။'**

**ဝါဆိုလ၏ ထူးခြားမှုများ**

**'ဝါ'**ဆိုသည်မှာ ပါဠိစာ **'ဝါသက'**မှ လာခြင်းဖြစ်ကြောင်း၊ မြန်မာလို **'နေထိုင်မှု'**ဟူ၍ အဓိပ္ပာယ်ရကြောင်း၊ **'ဆို'**ဆိုသည်မှာမူ **'ရွတ်ဆို ခြင်း'** ကို ခေါ်ဆိုကြောင်း၊ သို့ဖြစ်၍ ဝါဆို၊ ဝါဆိုလဆိုသည်မှာ မြတ်စွာဘုရားပညတ်မှုကြောင့် ရဟန်းသံဃာတို့အနေဖြင့် **'ဝါတွင်း သုံးလပတ်လုံး မိမိတို့ သီတင်းသုံးမြဲကျောင်းမှာသာ သီတင်းသုံးပါမည်'** ဟု ရွတ်ဆိုသောလ ဖြစ်ပေသည်။ မြတ်စွာဘုရားက ရဟန်းတို့အား ဝါဆိုကာလအတွင်း ခရီးမထွက်ဘဲ မိမိကျောင်းတွင်သာ သီတင်းသုံးမြဲသုံးရန် ပညတ်သည်မှာလည်း ဝါတွင်းကာလမိုးအဆက်မပြတ်ရွာသွန်းမှုကို အမှီပြု၍ ကျေးလက်နေ တောင်သူလယ်သမားတို့အနေဖြင့် ကောက်ပဲသီးနှံတို့ကို စိုက်ပျိုးကြရသည်။ မြေနေရာမလပ်စိုက်ပျိုးဖြစ်ထွန်းကြသည်။ ဤတွင် ဗုဒ္ဓဘာသာဝင် ရဟန်းသံဃာတို့သည် ဆွမ်းခံရန်အလို့ငှာ ခရီးသွားလာခြင်းမှ စိုက်ပျိုးသီးနှံများအပေါ် ဖြတ်ကျော်သွားရခြင်းလည်းရှိသဖြင့် အထိုက်အလျောက် ပျက်စီးသွားသည်ကို မြတ်စွာဘုရားကြားသိတော်မူကာ ဝါတွင်းသုံးလတို့ကို ခရီးမထွက်ရန် တားမြစ်ခြင်းလည်း ဖြစ်သည်။

သို့ဖြစ်၍ ရဟန်းသံဃာတို့သည် ဝါဆိုလပြည့်ကျော် ၁ ရက်မှ သီတင်းကျွတ်လပြည့်နေ့အထိ သုံးလတာလုံး ဝါဆိုကြရခြင်းဖြစ်သည်။

ယနေ့အခါ မြန်မာနိုင်ငံအရပ်ရပ်တွင် ဗုဒ္ဓဘာသာဝင်ပြည်သူလူထုသည် ဝါဆိုသင်္ကန်းကပ်လှူခြင်း၊ ပဥ္စင်းခံရှင်ပြုခြင်းအလှူတို့ ပြုလုပ်ကြလေ့ရှိသည်။ မိမိတို့၏ ရင်သွေးသားရတနာတို့ကို သာသနာ့ဘောင် သွတ်သွင်း၍ ရှင်ပြုပေးကြသည်။ ရဟန်းအဖြစ် ပဥ္စင်းခံပေးကြသည်။ သံဃာတော်တို့အားလည်း ဝါဆိုသင်္ကန်းကို အဓိကထား၍ ပစ္စည်းလေးပါးဖြင့် လှူဒါန်းကြသည်။ အလှူပွဲများ ခြိမ့်ခြိမ့်သဲကျင်းပသည့် လလည်း ဖြစ်ပေသည်။

**လမြတ်ဝါဆို ရွှမ်းစိုစို**

မြန်မာတို့၏ ဝါဆိုလသည်ကား 'သန္ဓေ၊ တောထွက်၊ ဓမ္မစက်၊ ယမိုက်ပြာဋိဟာ'အဆိုအတိုင်း သန္ဓေယူသည့်လ၊ တောထွက်တော်မူသည့်လ၊ ဓမ္မစကြာတရားကို ဟောကြားတော်မူပြီး ယမိုက်ပြာဋိဟာ ပြတော်မူသည့်လဖြစ်သဖြင့် ဗုဒ္ဓဘာသာဝင်တို့ အထူးအလေးထားသည့်လ ဖြစ်ပေသည်။

မိုးဖြိုင်ဖြိုင်ရွာသွန်းသည်နှင့်အတူ နေရောင်ခြည်နှင့် အပူဓာတ်သည်လည်း ကောင်းကောင်းရှိနေသဖြင့် နှင်းဆီပန်းရောင်စုံ၊ ဂန္ဓမာပန်းရောင်စုံ၊ ရွှေပန်း၊ ငွေပန်း၊ သစ္စာပန်း၊ ပုန်းညက်ပန်း၊ ဇွန်ပန်း၊ မုလေးပန်း၊ ဒေလီယာပန်းရောင်စုံ၊ ရှက်လှပန်းရောင်စုံတို့ပါ ဖူးပွင့်ကြပြီး အလှချင်းပြိုင်သည့် လလည်းဖြစ်ပေသည်။ ဗုဒ္ဓဘာသာဝင် လုံမငယ်တို့မှာမူ ယဉ်ကျေးသိမ်မွေ့သည့်ဝတ်စားမှုဖြင့် အစုဖွဲ့၍ မုလေးပန်း၊ ပုန်းညက်ပန်းတို့ကို သီကုံးကာ မြတ်ဘုရားအဆူဆူသို့ နံနက်စောစောကပ်လှူပူဇော်ရင်း ကုသိုလ်ထူးယူကြသည်မှာ အလွန်စိတ်ချမ်းမြေ့ဖွယ်ရာ မြင်ကွင်းပင် ဖြစ်သည်။

ယခုနှစ်တွင် အထက်အညာဒေသ နိုင်ငံမြောက်ပိုင်းတွင် မိုးရွာသွန်းမှုများသည်နှင့် မြစ်ချောင်းအင်းအိုင်များသာမက ဆည်များ၊ ကန်များ၊ လယ်များပါ ရေပြည့်နေကြသည်။ အဓိကစိုက်ပျိုးသော စပါးမှာ လန်းဆန်းသန်မာစွာ ဖြစ်ထွန်းသည်။ တောင်သူလယ်သမားကြီးတို့ စပါးခင်းကိုကြည့်၍ ဝမ်းသာကြည်နူးမဆုံးသည့်လလည်း ဖြစ်သည်။

မူလတန်း၊ အလယ်တန်း၊ အထက်တန်း၊ ကောလိပ်တက္ကသိုလ်နှင့် သိပ္ပံကျောင်းများတွင်လည်း ပြည်သူ့ရင်သွေး ကျောင်းသားငယ်များဖြင့် ပြည့်လျက်ရှိသည်။ ဝတ်စုံပြည့်ဖြင့် ရွှင်လန်းစွာ ကျောင်းတက်ကြသည့်မြင်ကွင်းမှာလည်း ကြည်နူးဝမ်းမြောက်ဖွယ်ပင် ဖြစ်သည်။

ရုံးဌာန၊ စက်ရုံ၊ အလုပ်ရုံရှိ အလုပ်သမားတို့မှာလည်း သတ်မှတ်သည့်အချိန်တိုင်း အလုပ်ကိုယ်စီဝင်နေကြသည်မှာ အားရဖွယ် ဖြစ်သည်။

မိုးဥတုနှင့်အတူ ရွှမ်းရွှမ်းစိုလှသည့် ဤဝါဆိုလသည် မြန်မာတို့၏ ချစ်စဖွယ်ယဉ်ကျေးမှုကို ပြသနေရာရောက်ပါကြောင်း ရေးသားအပ်ပါသည်။

# မြန်မာနိုင်ငံ၏ လူသားချင်းစာနာမှုဆိုင်ရာအခြေအနေနှင့်စပ်လျဉ်း၍ ဥရောပသမဂ္ဂနှင့် နိုင်ငံအချို့၏ ပူးတွဲသတင်းထုတ်ပြန်ချက်အပေါ် မြန်မာနိုင်ငံ၏တုံ့ပြန်ချက်

မြန်မာနိုင်ငံ၏ လူသားချင်းစာနာမှုဆိုင်ရာ အခြေအနေနှင့် စပ်လျဉ်း၍ ဥရောပသမဂ္ဂနှင့် နိုင်ငံအချို့က ထုတ်ပြန်သည့် ပူးတွဲသတင်းထုတ်ပြန်ချက်ကို ကုလသမဂ္ဂဆိုင်ရာ အမေရိကန်အမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံးမှ နိုင်ငံရေးရာအထူးကိစ္စရပ်များ တာဝန်ခံသံအမတ် Mr. Robert Wood က ၁၅-၇-၂၀၂၄ ရက်တွင် နယူးယောက်မြို့၊ ကုလသမဂ္ဂဌာနချုပ်ရှိ သတင်းစာရှင်းလင်းပွဲ ကျင်းပသည့်နေရာ၌ ဖတ်ကြားခဲ့သည်ကို တွေ့ရှိရသည်။

အဆိုပါပူးတွဲသတင်းထုတ်ပြန်ချက်တွင် မြန်မာနိုင်ငံနှင့်ပတ်သက်၍ တစ်ဖက်သတ်စွပ်စွဲချက်များ၊ အခြေအမြစ်မရှိ၊ မှန်ကန်မှုမရှိသော ဖော်ပြချက်များပါရှိသည်။ မြန်မာအစိုးရသည် မြန်မာနိုင်ငံအတွင်း လူသားချင်းစာနာမှုအကူအညီလိုအပ်သည့် ပြည်သူလူထုထံ ခွဲခြားမှုမရှိဘဲ အကူအညီများရောက်ရှိရေး အစဉ်တစိုက် အလေးထားလျက် ကုလသမဂ္ဂနှင့် လည်းကောင်း၊ မြန်မာနိုင်ငံအပေါ် စစ်မှန်သည့်စိတ်ထားဖြင့် အကူအညီပေးလိုသည့် နိုင်ငံများနှင့်လည်းကောင်း အကောင်းဆုံးပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ မြန်မာအစိုးရသည် လူသားချင်းစာနာမှု အကူအညီလိုအပ်သူများအတွက် အကူအညီများကို အာဆီယံလူသားချင်းစာနာထောက်ထားမှု အကူအညီပေးအပ်ရေးညှိနှိုင်းမှုဗဟိုဌာန(ASEAN Coordinating Centre for Humanitarian Assistance on Disaster Management- AHA Centre)မှတစ်ဆင့် ရယူလျက်ရှိသည်။

စာမျက်နှာ ၄ သို့ ■

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် မန္တလေးတိုင်းဒေသကြီး လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီ၏ (၁/၂၀၂၄)လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ တက်ရောက်

**မန္တလေး ဇူလိုင် ၁၈**

မန္တလေးတိုင်းဒေသကြီး လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီ၏(၁/၂၀၂၄) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းက မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီး လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီမှ ဒုတိယဥက္ကဋ္ဌ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ အတွင်းရေးမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။




အစည်းအဝေး၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် တိုင်းဒေသကြီးလယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီကို ပြင်ဆင်ဖွဲ့စည်းထားပြီး လုပ်ငန်းတာဝန်များပေးအပ်ပြီးဖြစ်ပါကြောင်း၊ တိုင်ကြားလာသည့် အမှုတွဲများနှင့် ဌာနအသီးသီးမှ ပြန်လည်စွန့်လွှတ်သည့်မြေများကိုလည်း ပြဋ္ဌာန်းထားပြီးဖြစ်သော ဥပဒေလုပ်ထုံးလုပ်နည်းများအတိုင်း တိကျမှန်ကန်စွာ စိစစ်ဆောင်ရွက်ပြီး မူဝါဒများနှင့်အညီ ပြန်လည်ပေးအပ်သွားနိုင်ရေး အမြန်ဆုံးပြီးပြတ်အောင် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ အတွင်းရေးမှူးနှင့် တာဝန်ရှိသူများက တိုင်းဒေသကြီးအတွင်း လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးယခင်ကော်မတီက ဆောင်ရွက်ထားရှိမှု၊ ဖြေရှင်းဆောင်ရွက်ပြီးစီးမှုနှင့် ပြင်ဆင်ဖွဲ့စည်းပြီးနောက်ပိုင်း ဆောင်ရွက်နေမှု အခြေအနေများ၊ ဗဟိုကော်မတီသို့ တင်ပြတိုင်ကြားသည့် အမှုတွဲများအပေါ် ဆောင်ရွက်ပြီးစီးမှု၊ ဆောင်ရွက်ဆဲနှင့် ဆက်လက်ဆောင်ရွက်မည့် အခြေအနေများအား ဆွေးနွေးတင်ပြပြီး တက်ရောက်လာသူများက ရှင်းလင်းတင်ပြအကြံပြုကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဆွေးနွေးချက်များနှင့် အကြံပြုချက်များအပေါ် ပေါင်းစပ်၍ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်စကားပြောကြားခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

၀-၀-၀-၀-၀

## ၂၀၂၄ ခုနှစ် ပြည်နယ် နှင့် တိုင်းဒေသကြီး အသက် ၂၁ နှစ်အောက်(အမျိုးသား)ဘောလုံးပြိုင်ပွဲ ကျင်းပမည်

**နေပြည်တော် ဇူလိုင် ၁၈**

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် "၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး အသက် ၂၁ နှစ်အောက်(အမျိုးသား)ဘောလုံးပြိုင်ပွဲ"ကို ဇူလိုင် ၂၃ ရက်မှ ဩဂုတ် ၈ ရက်အထိ နေပြည်တော်ဝဏ္ဏသိဒ္ဓိအားကစားကွင်း၊ ပေါင်းလောင်းကွင်းနှင့် လယ်ဝေးကွင်းတို့တွင် ကျင်းပသွားမည်ဖြစ်ပြီး ပြိုင်ပွဲဝင်အသင်း ၁၅ သင်း ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်၍ အားကစားကို စိတ်ပါဝင်စားသည့် မိဘပြည်သူများအနေဖြင့် မည်သူမဆို(အခမဲ့) လာရောက် ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဇူလိုင် ၁၈**

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျား၊ နေပြည်တော်၊ မကွေးတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် နေရာကျဲကျဲ၊ မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် နေရာကွက်၍ မိုးကြီးနိုင်ပါသည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်ပါသည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုနေမည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ပါသည်။

**မိုး/ဓလ**